# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )

( ဗုဒ္ဓဟူးနေ့ )

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို နေ့လယ် ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏(၉၀.၀၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၃း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့(၁၄)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး ဖတ်ကြားပြပါ့မယ်။

ဗိုလ်မှူးကြီးအောင်ကျော်၊ တပ်မတော်၊ ကျန်းမာရေး၊ ဗိုလ်မှူးကြီးအောင်ခင်ဇော်၊ တပ်မတော်၊ ကျန်းမာရေး၊ ဗိုလ်မှူးတိုးမင်းထွန်း၊ တပ်မတော်၊ အစည်းအဝေး၊ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး၊ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စ၊ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး၊ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး၊ ဦးစံပြည့်၊ ကချင်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးစောအေးမြင့်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးအေး၊ မန္တလေး(၇)၊ ကျန်းမာရေး၊ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြတ်ကို၊စစ်ကိုင်း(၁၂)၊ဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ ဦးလှဆွေ၊မကွေး(၁၂)၊ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

အခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့်

ခွင့်ပြုထားသူ(၇)ဦး၊ယနေ့ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၅)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်၊အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်း ခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သော ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော်ကို ပေးပို့ ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဦးခင်မောင်ဌေး(အတွင်းရေးမှူး၊အစိုးရ၏အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေလို့ ဦးစွာ ကျွန်တော်ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ပဲ ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၊ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီရဲ့ ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ၊ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကော်မတီ၏လုပ်ဆောင်ချက်၊ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၄-၇-၂၀၁၂ ရက်နေ့မှ ၆-၉-၂၀၁၂ ရက်နေ့အထိ ကျင်းပခဲ့ ပါသည်။ ၄င်း အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ကိုယ်စားလှယ်များမှ ကြယ်ပွင့်မပြမေးခွန်းများ ပေးပို့ မေးမြန်းခြင်းနှင့် စပ်လျဉ်း၍ ကော်မတီမှ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ပါသည်။

မေးခွန်းများ။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ပေါင်း(၁၇၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်းပေါင်း(၁၈၁)ခုမေးမြန်းခဲ့ပြီး ဝန်ကြီး ဌာန၊ ပြည်ထောင်စုအဆင့်အလိုက် ဖြေကြားချက်များကို Power Point ဖြင့် တင်ပြ ထားပါတယ်။ အထက်အပိုဒ် (၆) ပါ ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် ဌာနများ၏ ဖြေကြားချက်များတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ(၁၀၅)ခုဖြစ်ပြီး၊ အာမခံချက်၊ကတိနှင့် တာဝန်ခံချက်များမဖြစ်ပေါ်သည့် မေးခွန်းများ မှာ (၆၈)ခု ဖြစ်ပါတယ်။ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများ ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲများကိုလည်းပဲ Power Point ဖြင့် တင်ပြထားပါတယ်။

ကြယ်ပွင့်ပြမေးခွန်းများတွင် အာမခံချက်၊ကတိနှင့်တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် မေးခွန်း(၁၀၅)ခုအား စိစစ်ရာတွင်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဖြေကြားချက်များအရ ဆောင်ရွက်ပြီးစီးမှု (၃၈.၇၅)ခု၊ ဆောင်ရွက်ဆဲ (၂၃.၂၅)ခု၊ စုစုပေါင်း (၆၂)ခုနဲ့ နောင်ဆက်လက်ဆောင်ရွက်ရန်(၄၃)ခုတို့ စိစစ်တွေ့ရှိရပါသည်။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည် မေးခွန်းများနှင့် ဖြေကြားချက်များ အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် အစီရင်ခံစာမှာ ဖော်ပြထားပါတယ် ။

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မှ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၁၈၁)ခုနှင့် စပ်လျဉ်းပြီး စိစစ်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၏ ဖြေကြားချက်များအရ ဆောင်ရွက်ပြီးစီးမှု(၁၉)ခု၊ ဆောင်ရွက်ဆဲ(၆၈)ခု၊ စုစုပေါင်း(၈၇)ခုနှင့် ရှင်းလင်းချက်သာဖြစ်ပြီး ဆောင်ရွက်ချက်မရှိသော မေးခွန်းပေါင်း(၉၁)ခုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ရှင်းလင်းချက်များဖြစ်သည့် ကြယ်ပွင့်မပြမေးခွန်းများ နှင့်စပ်လျဉ်းပြီး သိရှိနိုင်ပါရန် Power Point ဖြင့် ဆက်လက်တင်ပြထားပါတယ်။ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၁၈၁)ခုတို့နဲ့ စပ်လျဉ်း၍ နောက်ဆက်တွဲ(ခ)ဖြင့် အစီရင်ခံစာ ပြုစုတင်ပြထားပါသည်။

အဆိုများ။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆို (၂၃)ခု တင်သွင်းခဲ့ပါသည်။ တင်သွင်းခဲ့သည့်အဆိုများအနက် လွှတ်တော်မှ အဆို(၁၂)ခုကို အတည်ပြုခဲ့ပြီး မှတ်တမ်းတင်သည့်အဆို(၅)ခု၊ အတည်မပြုသည့်အဆို(၂)ခုနှင့် လက်ခံဆွေးနွေးရန် မရှိသည့်အဆို(၂)ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် ဆက်လက်ဆောင်ရွက်ရန်မသင့်ကြောင်း ဆုံးဖြတ်သည့်အဆို(၁)ခုနှင့် ဥပဒေကြမ်းကော်မတီမှ ပြန်လည်သုံးသပ်ပြီး တင်ပြရန် အဆို(၁)ခု ဖြစ်ပေါ်ခဲ့ပါသည်။ ၄င်းတို့မှာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်အလိုက် အတည်ပြုခဲ့သော အဆိုနှင့် စပ်လျဉ်း၍ Power Point ဖြင့် ဆက်လက်တင်ပြထားပါသည်။

အတည်ပြုခဲ့သည့် အဆိုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ထားမှု အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် အစီရင်ခံစာမှာ တင်ပြထားပါသည်။ ပထမအကြိမ် အမျိုးသားလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း(၁၇၃)ခု မေးမြန်းခဲ့ရာ အာမခံချက်၊

ကတိနှင့် တာဝန်ခံချက်များမှာ(၁၀၅)ခု ဖြစ်ပေါ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် အဆို(၂၃)ခု တင်သွင်းခဲ့ ပြီး (၁၂)ခု အတည်ပြုခဲ့ပါသည်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီမှ ပြုစုတင်ပြထားသည့် အစီရင်ခံစာ တွင် စာမျက်နှာပေါင်း(၃၇၇)မျက်နှာပါရှိပြီး၊ ကြယ်ပွင့်ပြမေးမြန်းချက်များ၊ ကြယ်ပွင့်မပြ မေးမြန်းချက်များ၊ အဆိုပြုချက်များနှင့် ဖြေကြားချက်များ အပြည့်အစုံပါဝင်ပြီး ဖြစ်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါသည်။ သက်ဆိုင်ရာ မေးခွန်းရှင်များနှင့် အဆိုရှင်များ အလွယ်တကူ သိရှိကြည့်ရှုနိုင်ရန်အတွက်လည်းပဲ CD ချပ်များကို သက်ဆိုင်ရာ ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။ ကော်မတီရဲ့ စိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း(၁၇၃)နှင့် ကြယ်ပွင့်မပြမေးခွန်းပေါင်း(၁၈၁)ခု၊ စုစုပေါင်း(၃၅၄)ခု မေးမြန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၊တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ တို့မှ ဖြေကြားခဲ့ကြောင်းတွေ့ရှိရပါသည်။

(ခ) ကြယ်ပွင့်ပြမေးခွန်းပေါင်း (၁၇၃)ခုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဖြေကြားချက်များအရ ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း(၁၀၅)ခု တွင် ဆောင်ရွက် ပြီးစီးမှု(၃၈.၇၅)၊ ဆောင်ရွက်ဆဲ(၂၃.၂၅)၊နောင်ဆက်လက်ဆောင်ရွက်ရန် (၄၃)ခုနှင့် ကတိကဝတ် မဖြစ်ပေါ်ခဲ့သော မေးခွန်းပေါင်း (၆၈)ခု ရှိခဲ့ပါသည်။

(ဂ) ကြယ်ပွင့်မပြမေးခွန်းပေါင်း (၁၈၁)ခုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဖြေကြားချက်များအရ ဆောင်ရွက်ပြီးစီးမှု (၁၉)ခု၊ ဆောင်ရွက်ဆဲ (၆၈)ခုနှင့် ရှင်းလင်းချက်သာဖြစ်ပြီးဆောင်ရွက်ချက်မရှိသောမေးခွန်းပေါင်း (၉၄)ခုရှိပါကြောင်း စိစစ်တွေ့ ရှိရပါသည်။

(ဃ) တင်သွင်းခဲ့သည့် အဆိုပေါင်း(၂၃)ခုရှိသည့်အနက် လွှတ်တော်က အတည်ပြု ခဲ့သည့် အဆို (၁၂)ခု၊ မှတ်တမ်းတင်သည့်အဆို (၅)ခု၊ အတည်မပြုသည့်အဆို (၂)ခုနှင့် လက်ခံဆွေးနွေးရန်မရှိသည့်အဆို (၂)ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိသဖြင့်

ဆက်လက်ဆောင်ရွက်ရန်မသင့်ကြောင်း ဆုံးဖြတ်သည့်အဆို(၁)ခုနှင့် ဥပဒေကြမ်း ကော်မတီမှ ပြန်လည်သုံးသပ်ပြီး တင်ပြရန်အဆို (၁)ခု ဖြစ်ပေါ်ခဲ့ကြောင်း စိစစ် တွေ့ရှိရပါသည်။

(c) အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည့် အဖြေများအနက် အချို့မှာ ဘတ်ဂျက်အရ အစီရင်ခံစာရေးသည့် အချိန်တွင် လုပ်ငန်းစတင်မှု မပြီးနိုင်သေးခြင်း၊ ဘတ်ဂျက် အစိတ်အပိုင်းအရ နှစ်အလိုက် ပိုင်းခြားလုပ်ဆောင်ရခြင်း၊ လုပ်ငန်းသဘော သဘာဝအရ ပွင့်လင်းရာသီမှလုပ်ရခြင်း စသည်တို့ကြောင့် ကော်မတီအနေဖြင့် လုပ်ငန်းကြွေးကျန် အစိတ်အပိုင်းများ ဆောင်ရွက်ဆဲလုပ်ငန်းများ အနေဖြင့် မှတ်တမ်းတင်ထားရှိခဲ့ပါသည်။

ကော်မတီ၏သုံးသပ်ချက်။ ကော်မတီ၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ၄-၇-၂၀၁၂ ရက်မှ ၆-၉-၂၀၁၂ ရက်ထိ ကြာမြင့်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များသည် အတွေ့အကြုံ ရင့်ကျက်လာပြီဖြစ်ရာ မေးခွန်းများပုံမှန်မေးမြန်းခြင်းနှင့် အဆိုများပုံမှန် တင်သွင်း လာခြင်း ပြုလုပ်လာနိုင်သည်ဟု သုံးသပ်ရရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ မဲဆန္ဒနယ်မြေရှိ ပြည်သူလူထု၏ တင်ပြချက်များ၊ လိုအပ်ချက်များနှင့် နိုင်ငံတော် အတွက် အမှန်တကယ်လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန် မေးခွန်းများနှင့် အဆိုများကို ပိုမို ဆောင်ရွက်လာနိုင်ပြီး အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များမှာလည်း ပိုမိုတိုးတက် ကောင်းမွန်လာသည်ဟု သုံးသပ်ရရှိပါသည်။

(ခ)စတုတ္ထပုံမှန်အစည်းအဝေးကာလတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း(၁၇၃)ခု မေးမြန်းခဲ့ရာ ကတိကဝတ် (၁၀၅)ခုဖြစ်ပေါ်ခဲ့ပြီး ကတိကဝတ် မဖြစ်ပေါ်ခဲ့သည့်မေးခွန်း ပေါင်း(၆၈)ခု ရှိခဲ့ပါသည်။ တတိယပုံမှန်အစည်းအဝေးကာလတွင် ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၁၇၃)ခု မေးမြန်းခဲ့ရာ ကတိကဝတ်(၁၄၀)ခုဖြစ်ပေါ်ခဲ့ပြီး ကတိကဝတ် မဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်းမှာ (၃၃)ခုရှိခဲ့ပါသည်။ စတုတ္ထပုံမှန် အစည်းအဝေးတွင် တတိယပုံမှန် အစည်းအဝေးထက်

ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း (၃၅)ခု လျှောနည်းခဲ့ပြီး ကတိကဝတ် မဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း (၃၅)ခုမှာ ပိုများခဲ့ပါသည်။ စတုတ္ထပုံမှန် အစည်းအဝေးတွင် အဆို(၂၃)ခု တင်သွင်းခဲ့ပြီး အတည်ပြုအဆို(၁၂)ခု၊ မှတ်တမ်းတင် (၅)ခု၊ အတည်မပြုအဆို(၂)ခု၊ လက်ခံဆွေးနွေးရန်မရှိသည့်အဆို(၂)ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် ဆက်လက်ဆောင်ရွက်ရန် မသင့်သည့် အဆို(၁)ခုနှင့် ဥပဒေကြမ်းကော်မတီမှ ပြန်လည်သုံးသပ်ပြီး တင်ပြရန် အဆို(၁)ခု ရှိခဲ့ပါသည်။ တတိယပုံမှန် အစည်းအဝေး တွင် အဆို(၂၁)ခု တင်သွင်းခဲ့ပြီး အတည်ပြုအဆို(၁၃)ခု၊မှတ်တမ်းတင်(၆)ခု၊ရုပ်သိမ်း(၁)ခုနှင့်ဆိုင်းငံ့(၁)ခုရှိခဲ့ပါသည်။ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် တတိယပုံမှန် အစည်းအဝေးထက် အဆို(၂)ခု ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

(ဂ)လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများ တင်သွင်းခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအချို့က ပြန်လည်ရှင်းလင်းဖြေကြားရာမှာ တိကျရေရာမှုမရှိခြင်း၊ သက်ဆိုင်ရာမေးခွန်းနှင့် ဆိုင်သည့်အဖြေများအပေါ် ဝန်ကြီးဌာန၏ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်ပြီးသည့် Data များကိုသာ ဖတ်ကြားရှင်းလင်းနေခြင်းတို့ကြောင့်အချိန်ကုန်ပြီး လိုရင်းမရောက်ဖြစ်နေသဖြင့် မဖြစ်သင့်သော ဖြေကြားချက်များ ဖြစ်နေသည်ဟု သုံးသပ်ရရှိပါသည်။

(ဃ)အချို့မေးခွန်းများမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက လွှတ်တော်တွင် ဖြေကြားရုံဖြင့် မလုံလောက်ဘဲ အများပြည်သူများသိရှိနိုင်စေရန် လိုအပ်သည့် အချက်များကို သတင်း မီဒီယာများမှတစ်ဆင့် ထုတ်ပြန်အသိပေးသင့်ကြောင်းလည်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ၁၉-၁၀-၂၀၁၂ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကြူ၏ ဖြေကြား ရှင်းလင်းရာမှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၁-၄-၂၀၁၁မှ ယနေ့အထိ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် စာရင်းများအား ရှင်းလင်းတင်ပြရာတွင် အခြေခံပညာကျောင်းပေါင်း (၇၉၀)အား လည်းကောင်း၊ အခြေခံပညာကျောင်းခွဲပေါင်း (၁၆၁၀)အား လည်းကောင်း၊ တွဲဖက် ကျောင်းပေါင်း (၇၆၈)ကျောင်း အားလည်းကောင်း၊ မူလတန်းလွန်ကျောင်း(၄၀၆) ကျောင်းအား လည်းကောင်း ဖွင့်လှစ်ခဲ့ပါကြောင်း ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့အတူ ငွေလုံးငွေရင်းဖြင့် နှစ်အလိုက်ကျောင်းများ ပြင်ဆင်စရိတ်ဖြင့် တည်ဆောက်ခဲ့သည့် ကျောင်းများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် (၂၉၆၈)ကျောင်း၊

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် တွင် (၄၀၄၆)ကျောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် (၇၆၅၆)ကျောင်း စုစုပေါင်း (၁၄၆၇၀)ကျောင်းကို ဘဏ္ဍာငွေ (၂၈၇၂၂၃.၇၅၁)ကျပ်သန်းဖြင့် ဆောင်ရွက်ခဲ့မှုများကို လွှတ်တော်တွင် သာမက နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်စသည်ဖြင့် မီဒီယာများမှ လည်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်အသိပေးသင့်ပါသည်။

(ဂ)လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များသည် ပြည်သူများအမှန်တကယ် လိုအပ်ချက်၊ ခံစားချက်များဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အမြန် ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား ယုံကြည် လာမည်ဖြစ်သကဲ့သို့ လွှတ်တော်နှင့်နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးလာမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုး၏ မူဝါဒနှင့်မဆန့်ကျင်လျှင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းနှင့်အဆိုများ၏ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(စ)လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့၏မေးမြန်းချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကတိကဝတ်အရ သတ်မှတ်ကာလအတွင်း အရည်အသွေးကိုက်ညီစွာ ပြီးမြောက်မှုမရှိခြင်း၊ ပြီးမြောက်ပါသော်လည်း ပြည့်စုံမှု (Perfect and Complete) မဖြစ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဤကော်မတီသို့ ဆက်သွယ် အကြံပြုအသိပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်တင်ပြအပ်ပါသည်။

နိဂုံး။(က) အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် နည်းဥပဒေများ၏ နည်းဥပဒေ ၇၁ ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးသည့် ကော်မတီ၏ လုပ်ငန်းတာဝန်များအရလည်းကောင်း တိကျစွာလိုက်နာပြီးဆက်လက်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးသို့ ပေးပို့ခဲ့သည့်ကြယ်ပွင့်မပြ မေးခွန်းများနှင့်ပတ်သက်၍အပိုဒ်(၃)(ခ)ပါသက်ဆိုင်ရာ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအရ ပြည်ထောင်စု ဝန်ကြီးများက အာမခံချက်၊ ကတိပြုချက်များအပေါ် ဘဏ္ဍာငွေခွဲဝေလျာထားချက်များတွင် ပါ/မပါစိစစ်ရန် ကိုလည်း ဆက်လက်ပြုစု တင်ပြသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည် ခင်ဗျား။

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမ၊ ဒုတိယ၊ တတိယ နှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမ၊ ဒုတိယ၊ တတိယ နှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ပေးပို့ ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက အစီရင်ခံစာကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဦးအောင်ထွန်း(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၊ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ယခု အမျိုးသားလွှတ်တော် ပထမအကြိမ် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်ရှိတဲ့ မေးခွန်းများ၊ အဆိုများနဲ့စပ်လျဉ်းတဲ့ အစီရင်ခံစာကို ရှင်းလင်းတင်ပြ မှာ ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမ၊ ဒုတိယ၊ တတိယနဲ့ စတုတ္ထပုံမှန် အစည်းအဝေးများမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခဲ့ခြင်းနဲ့စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိတဲ့မေးခွန်းတွေ၊ အဆိုတွေကို စိစစ်နိုင်ဖို့အတွက် ကျွန်တော်တို့ ကော်မတီ

အနေနဲ့ ၁၅-၁၁-၂၀၁၂ ရက်နေ့မှာ ကော်မတီ အစည်းအဝေး ခေါ်ယူညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးရရှိခဲ့သည်များကို ကော်မတီဝင်များနဲ့ ကျွန်တော်တို့ထပ်မံညှိနှိုင်းပြီးတော့ အစီရင်ခံစာ တင်ပြရခြင်းဖြစ်ပါတယ်။ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းပေါင်း (၃၃)ခု မေးမြန်းခဲ့ပြီး ကတိဖြစ်ပေါ်ခဲ့တဲ့ မေးခွန်း (၂၄)ခုမှာ ဆောင်ရွက်ပြီး မေးခွန်း(၁၂)ခုနဲ့ ဆောင်ရွက်ရန် ကျန်(၁၀)ခု ဖြစ်ပေါ်ပါတယ်။ အဆို(၁၀)ခု တင်သွင်းခဲ့ပြီး ကတိဖြစ်ပေါ်ခဲ့တဲ့အဆို (၁)ခုမှာ ဆောင်ရွက်ရန်ကျန်(၁)ခု ဖြစ်ခဲ့ပါတယ်။ ယင်းကျန်ရှိတဲ့ ဆောင်ရွက်ရန်ကျန် မေးခွန်း(၁၀)ခုအနက် ဆောင်ရွက် ပြီးစီးမှု (၄.၅)၊ ဆက်လက်ဆောင်ရွက်ဆဲ (၅.၅) ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန် အဆို(၁)ခုကတော့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်မှု အခြေအနေများကိုလည်း ကျွန်တော်တို့ Power Point နဲ့ တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ပထမအကြိမ် ပုံမှန်အစည်းအဝေးမှာ မေးခွန်းပေါင်း ဆောင်ရွက်ပြီးမှု (၄.၅)ဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် (၄၅)ရာခိုင်နှုန်းရှိတယ်လို့ တင်ပြအပ် ပါတယ်။ အဆိုမှာ တစ်ခုပဲဖြစ်ပြီးတော့ တစ်ခုပြီးစီးပြီးဖြစ်တဲ့အတွက် အားလုံး ပြီးစီး ဖြစ်ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးမှာတော့ဆောင်ရွက်ရန်ကျန် မေးခွန်း(၉၁)ခုအနက် ဆောင်ရွက်ပြီးစီးမှု (၃၈.၅)ခုနဲ့ ဆက်လက်ဆောင်ရွက်ဆဲ (၅၂.၅) ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန် အဆို(၁၅)ခုမှာ တော့ ဆောင်ရွက်ပြီးစီးမှု (၇)ခုနဲ့ ဆောင်ရွက်ဆဲ (၈)ခု ဖြစ်ပါတယ်။ ၎င်းကိုလည်း Power Point ဖြင့် တင်ပြထားပါတယ်။

ဒါကြောင့် ဆောင်ရွက်ပြီးစီးမှု (၃၈.၅)ဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် (၄၂) ရာခိုင်နှုန်းခန့် ရှိပါတယ်။ အဆိုများမှာတော့ ဆောင်ရွက်ပြီးစီးမှုဟာ (၇)ခုဖြစ်တဲ့အတွက်၊ ဆောင်ရွက်ဆဲ (၈)ခုဖြစ်တဲ့အတွက် ပြီးစီးမှုရာခိုင်နှုန်း (၄၇)ရာခိုင်နှုန်းခန့် ဖြစ်ပါတယ်။ တတိယ ပုံမှန်အစည်းအဝေးမှာတော့ ဆောင်ရွက်ရန်ကျန် မေးခွန်း(၃၆)ခုအနက် ဆောင်ရွက်ပြီးစီးမှု (၇)ခု၊ ဆက်လက်ဆောင်ရွက်ဆဲ (၂၉)ခု ဖြစ်ပါတယ်။ ဆောင်ရွက်ရန် ကျန် အဆိုက (၆)ခုအနက် ဆောင်ရွက်ပြီးစီးမှု (၂.၅)ဖြစ်ပြီး ဆက်လက်ဆောင်ရွက်ဆဲက (၃.၅)ဖြစ်ပါတယ်။ ၎င်းကို Power Point ဖြင့် တင်ပြထားပါတယ်။ ဒါကြောင့် မေးခွန်းပေါင်း ဆောင်ရွက်ပြီးစီးမှု (၇)ခုအနက်

ဆောင်ရွက်ရန်ကျန်တာ (၂၉)ခု ဖြစ်တဲ့အတွက် (၁၉)ရာခိုင်နှုန်း ပြီးစီးတာ ဖြစ်ပါတယ်။ အဆိုမှာတော့ဆောင်ရွက်ပြီးစီးမှု (၂.၅)နဲ့ ဆောင်ရွက်ဆဲ (၃.၅)ဖြစ်တဲ့အတွက် (၄၂)ရာခိုင်နှုန်းခန့် ပြီးစီးပါတယ်။ စတုတ္ထပုံမှန်အစည်းအဝေးမှာတော့ ဆောင်ရွက်ရန်ကျန် မေးခွန်းပေါင်း(၆၆)ခု အနက် ဆောင်ရွက် ပြီးစီးမှု (၁၀.၅)နဲ့ ဆောင်ရွက်ဆဲ (၅၅.၅) ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန် အဆို (၆)ခုအနက် ဆောင်ရွက်ပြီးစီးမှု (၀.၅)ပဲ ဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်တာ (၅.၅)ဖြစ်ပါတယ်။ဂင်းကို Power Point ဖြင့်တင်ပြထားပါတယ်။ ဒါကြောင့် ဆောင်ရွက် ပြီးစီးမှုဟာ (၁၀.၅)ဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် (၁၆)ရာခိုင်နှုန်းခန့်ပဲ ရှိပါသေးတယ်။ အဆိုများနဲ့ပတ်သက်လို့က (၀.၅)ပဲ ပြီးတဲ့အတွက် (၅.၅) ကျန်ရှိတဲ့အတွက် ရာခိုင်နှုန်းအားဖြင့် (၈)ရာခိုင်နှုန်းခန့်ပဲ ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။

ဒါကြောင့် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နဲ့ စတုတ္ထအကြိမ်ပုံမှန် အစည်းအဝေးများမှာ စုစုပေါင်း မေးခွန်းပေါင်း(၂၀၃)ခုရှိတဲ့အနက် ယခု အစီရင်ခံတဲ့အချိန် ပြီးစီးမှုဟာ (၆၀.၅)ရှိပြီး ဆောင်ရွက်ဆဲ (၁၄၂.၅) ဖြစ်တဲ့အတွက် ပြီးစီးမှု ရာခိုင်နှုန်းဟာ (၂၉.၈)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အဆိုမှာ စုစုပေါင်း (၂၈)ခု ရှိတဲ့အနက် ပြီးစီးမှု (၁၁)ခုရှိပြီး ဆောင်ရွက်ဆဲ (၁၇)ခု ဖြစ်တဲ့အတွက် ပြီးစီးမှုရာခိုင်နှုန်းဟာ (၃၉.၃)ရာခိုင်နှုန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု ဝန်ကြီးဌာနများရဲ့ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စိစစ်တဲ့အခါမှာ အားရကျေနပ်ဖွယ် မရှိသေးကြောင်း တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ ယခု ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေး ပြီးစီးချိန်မှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန တာဝန်ရှိသူများကို ထပ်မံခေါ်ယူ စည်းဝေးပြီးတော့ တွန်းအားပေး ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ် ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် ကျန်ရှိသော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကိုလည်းကောင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခဲ့တဲ့မေးခွန်းများ၊တင်သွင်းခဲ့တဲ့အဆိုများ၊ ပေးပို့ခဲ့တဲ့ ကြယ်ပွင့်မပြ မေးခွန်းများနဲ့စပ်လျဉ်းတဲ့ အစီရင်ခံစာကိုလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယနဲ့ စတုတ္ထပုံမှန် အစည်းအဝေးများမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်ရှိတဲ့ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကိုလည်းကောင်း ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းရေးရာကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းရေးရာကော်မတီရဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလ

အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားစီမံကိန်းရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနဲ့ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းရေးရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၁။**

**ဦးမောင်မောင်အေး (အမျိုးသားစီမံကိန်းရေးရာကော်မတီဝင်)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မဂ်လာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းရေးရာ ကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးအနေနဲ့ အမျိုးသားစီမံကိန်းရေးရာကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ကော်မတီရဲ့ သုံးသပ်ချက်(၅)ချက်နဲ့အတူ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါသဖြင့် လွှတ်တော်က ယင်းအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ သဘောတူ မှတ်တမ်းတင်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားစီမံကိန်းရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ နိုင်ငံတော်၏ ရင်းနှီး မြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (BOT) နှင့် နိုင်ငံခြား ကုမ္ပဏီများ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/BOT) အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက် အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ် သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်း ထားသည့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (B.O.T) နှင့် နိုင်ငံခြား ကုမ္ပဏီများ၏ အကျိုးတူပူးပေါင်း ရင်းနှီး မြှုပ်နှံမှု (JV/B.O.T) အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၃။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းသွားတဲ့ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ တိုင်းရင်းသားလုပ်ငန်း ကုမ္ပဏီများ၏

ရင်းနှီးမြှုပ်နှံမှု(B.O.T)နှင့်နိုင်ငံခြားကုမ္ဏီများနှင့် အကျိုးတူပူးပေါင်း ရင်းနှီးမြှုပ်နှံမှု (JV/B.O.T) အစီအစဉ်(၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ အကျိုးအတွက် အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်းပြည်ထောင်စုအစိုးရသို့တိုက်တွန်းသည့် အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆွေးနွေးတဲ့အခါမှာ အင်္ဂလိပ်စကားလုံးဝေါဟာရ အသုံးအနှုန်း ပါခဲ့ရင် ခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းကတော့ လျှပ်စစ်ဓာတ်အား (Electric Power) ဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်နေတာကတစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှု (FDI) တွေ အလုံးအရင်းနဲ့ ဝင်ရောက်လာရေးမှာလည်း အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်နေတာကတစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်အရလည်းကောင်း၊ E-education လို့ ခေါ်တဲ့ ပညာရေးဆိုင်ရာ လိုအပ်ချက်အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာလည်း e-Government ဖြစ်ပေါ်ရေးမှာလည်း လိုအပ်ချက် ဖြစ်နေတာကတစ်ကြောင်း၊ နိုင်ငံသားတို့ရဲ့ လူမှုစီးပွားရေး အဆင့်အတန်းကို တိုးတက်မြင့်မား စေရန်အတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်နေတာကတစ်ကြောင်း၊ အထူးသဖြင့် ဒီဇယ်လျှပ်စစ်စက်မောင်းနှင်ရပြီးတော့ အချိန်ပိုင်းသာ အင်အားမပြည့်မဝရကာ တစ်ယူနစ်တန်ဖိုးကျပ် (၄၀၀)ကျော်ပေးနေရတဲ့ ပြည်နယ်တိုင်းဒေသများမှာရှိတဲ့ လျှပ်စစ်လိုအပ်ချက်ကိုဖြည့်ပေးဖို့ ပြည်သူများက မျှော်လင့်တောင့်တချက်ကြီးစွာနဲ့ စောင့်နေတဲ့ စွမ်းအင်တစ်ခုဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ဒါကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီလိုအပ်ချက်ကို သိပါတယ်။ သိတဲ့အတွက်ကြောင့် ပြီးခဲ့တဲ့ တပ်မတော်အစိုးရလက်ထက်ကတည်းက ဒီလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် စီမံချက်များစွာ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအထဲမှာ ငွေရင်းငွေနှီးမြှုပ်နှံရတာ ကြီးပြီးတော့ အချိန်ကုန်ကျမှု ရှိသော်ငြားလည်း ရေရှည်မှာ အကျိုးကျေးဇူးများပြီးတော့ သဘာဝအရင်းအမြစ် လောင်စာ ကုန်ခမ်းခြင်း မရှိနိုင်တဲ့ Sustainable Energy Resource ဖြစ်တဲ့ တစ်နည်းအားဖြင့် ကာဗွန်ထုတ်လုပ်မှုမရှိတဲ့အတွက်ကြောင့် Green

Industry ဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်းအမြောက်အများကို အထက်ပါ နည်း(၃)သွယ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ နံပါတ်(၁)နည်းကတော့ အစိုးရကိုယ်တိုင်က ဝန်ကြီးဌာနက တာဝန်ခံပြီးတော့ နိုင်ငံတော်ရဲ့ ခွင့်ပြုဘဏ္ဍာငွေအတွင်းက ကျွမ်းကျင်မှုပညာရှင်များ၊ စက်ယန္တရားများကို အသုံးပြုပြီးတော့ ထုတ်လုပ်တဲ့နည်း၊ ဒုတိယနည်းကတော့ နိုင်ငံတော်ရဲ့ ပွင့်လန်းလာတဲ့ စျေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းလုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှု (B.O.T)နည်း၊ တတိယနည်းကတော့ နိုင်ငံခြားသားကုမ္ပဏီများနဲ့ ပူးပေါင်းမြှုပ်နှံတဲ့ (JV/B.O.T) နည်း(၃)သွယ် နဲ့ ရှာဖွေစူးစမ်းပြီးတော့ နားလည်မှုစာချွန်လွှာ (Memorandum of understanding) များကို ထိုးခဲ့တဲ့ အမြောက်အများ ရှိပါတယ်။ တစ်ခုချင်းပြောရမယ်ဆိုရင် (က)ဟိုတုန်းကတော့ အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန ယနေ့တော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖြစ်ပါတယ်။

ဒီဝန်ကြီးဌာနက နိုင်ငံတော် ဘဏ္ဍာခွင့်ပြုငွေနဲ့ ရင်းနှီးမြှုပ်နှံနေတဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီးများဟာ ပြည်နယ်/တိုင်း (၆)ခုမှာ (၁၄)ခု ရှိပါတယ်ခင်ဗျာ။ (၁၄)ခုမှာ လက်ရှိအားဖြင့် (၁၁)ခုဟာ လုပ်ငန်းများ (on going) လုပ်နေဆဲဖြစ်ပြီး (၄)ခုဟာလည်း အကြိုလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါတယ်။ ဒီ (၄)ခုရဲ့ ပမာဏကို ကြည့်တဲ့အခါမှာ အငယ်ဆုံး (၄၀)မဂ္ဂါဝပ်ကနေ အကြီးဆုံး(၁၀၅၀)မဂ္ဂါဝပ်အထိ ရှိမှာ ဖြစ်တဲ့အတွက်ကြောင့် အားလုံးပြီးစီးမယ်ဆိုရင် စက်တပ်ဆင်အင်အားဟာ (၂၆၉၄) မဂ္ဂါဝပ် ရရှိနိုင်မယ့်စီမံကိန်း ဖြစ်ပါတယ်။ ဒုတိယဟာကတော့ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများနဲ့ B.O.T လုပ်ရန် MoU ရေးထိုးတားတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ သူလည်းပဲ ပြည်နယ်တိုင်း(၆)ခုမှာ လုပ်ငန်းပေါင်း (၉)ခုရှိပါတယ်။ အဲဒီထဲမှာ ကျောက်မီးသွေးစီမံကိန်း တစ်ခုလည်းပါပါတယ်။ သူကတော့ အငယ်စားနဲ့အလတ်စားဖြစ်ပါမယ်။ အငယ်ဆုံးစက်တပ်ဆင်အင်အား(၆)မဂ္ဂါဝပ်ကနေ အကြီးဆုံး (၂၈၀)မဂ္ဂါဝပ် အတွင်းရှိတာဖြစ်တဲ့ အတွက်ကြောင့် အားလုံးပြီးမယ်ဆိုရင် (၅၈၆)မဂ္ဂါဝပ် ရရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီထဲမှာတော့ (၄)ခုကတော့ MoA ပေါ့။ Memorandum of Agreement လုပ်ငန်းလုပ်ဖို့ သဘောတူစာချုပ်ချုပ်ပြီးတော့၊ လုပ်ငန်းစနေပြီးတော့ အကြိုလုပ်ငန်းများ လုပ်နေဆဲ ဖြစ်ပါတယ်။

နောက်ဆုံးတစ်နည်းကတော့ ပြည်ပကုမ္ပဏီကြီးများနဲ့ (JV/B.O.T) လုပ်ဖို့ MoU ထိုးထားပြီးတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ ပြည်နယ်/တိုင်း (၇)ခုမှာ လုပ်ငန်းကြီးပေါင်း (၄၄)ခု ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီစီမံချက်တွေကတော့ အလတ်စားနဲ့အကြီးစား ဖြစ်ပါတယ်။ အသေးဆုံးစက်တပ်ဆင်အင်အားဟာ (၆၀)မဂ္ဂါဝပ်ဖြစ်ပြီး အကြီးဆုံး(၇၁၁၀)မဂ္ဂါဝပ် ဖြစ်တာ ဖြစ်တဲ့အတွက်ကြောင့် အားလုံးပြီးမယ်ဆိုရင် (၄၁၁၄၅)မဂ္ဂါဝပ်လောက်ရနိုင်မယ့်၊ နိုင်ငံတော်သုံးတာကို လုံလုံလောက်လောက်ပေးနိုင်မယ့် စီမံကိန်းများဖြစ်ပါတယ်။ အဲဒီထဲမှာ ကျောက်မီးသွေး စီမံချက်လည်း နှစ်ခု၊ သုံးခုလည်း ပါပါတယ်။ အဓိက ပြည်ပနိုင်ငံများဆိုတဲ့ နေရာမှာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ စာချုပ်ချုပ်တာ ဖြစ်ပြီးတော့ တိုင်းရင်းသား လုပ်ငန်းရှင်များအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုကတော့ အေးရှားဝေါလ်၊ ရှေ့သံလွင်နဲ့ ထွန်းသွယ် ကုမ္ပဏီဆိုတာကို ကျွန်တော်တို့ တွေ့ပါတယ်။ အဲဒီအထဲမှာလည်း အားလုံးသိထားတဲ့ China Power Investment ကုမ္ပဏီကြီးရဲ့ မြစ်ဆုံ Project (၆၀၀၀)မဂ္ဂါဝပ်လည်းပါတာ ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီစီမံချက်တွေကို နိုင်ငံတော်က သတင်းစာတွေထဲမှာ ပြန်ကြားပေးတဲ့ အခါမှာ အလွန်ဝမ်းသာအားရ ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လျှပ်စစ်လိုအပ်ချက်တွေတော့ မကြာမီအတွင်းမှာ ပြည့်စုံသွားမယ်လို့ ကျွန်တော်တို့ အားတက်၊ အားရဖြစ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ လုပ်ငန်းရဲ့အတိုင်းအတာ၊ အကြီးအသေးပေါ်မှာ မူတည်ပြီးတော့ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ဖြစ်တယ်ဆိုတာ လည်းကျွန်တော်တို့ ပြည်သူများက နားလည်ပြီးတော့စိတ်ရှည်စွာစောင့်နေ ခဲ့ကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့အဆိုရှင်ရဲ့တင်ပြချက်ကို ပြန်လည်ပြီးအသေးစိတ် ပြန်ဖတ်ကြည့်တဲ့အခါကျတော့ တိုင်းရင်းသားကုမ္ပဏီများနဲ့ B.O.Tလုပ်ခဲ့တဲ့ Project (၉)ကို ပြန်ကြည့်မယ်ဆိုရင် အဲဒီ (၉)ခုရဲ့အထဲမှာ စက်တပ်ဆင်အင်အား (၂၀၁)မဂ္ဂါဝပ်ရနိုင်မယ့် စီမံကိန်း(၃) ခု နာမည်နဲ့ပြောရရင် သောက်ရေခပ်(၂) (၁၂၀)မဂ္ဂါဝပ်၊ ဘီလူးချောင်း (၂)(၅၂ ) မဂ္ဂါဝပ်နဲ့ အထက် ဘီလူးချောင်း (၂၉ )မဂ္ဂါဝပ် (၃)ခုထဲမှာ ပထမ(၂)ခုကတော့ (၁၇၂) မဂ္ဂါဝပ် ရရှိမယ့် စီမံချက်တွေဖြစ်ပြီးတော့ လက်ရှိအစိုးရသက်တမ်း ကျွန်တော်တို့ကျန်တဲ့ ၂၀၁၅ အတွင်းမှာ ရနိုင်မယ်လို့ သိထားရပါတယ်။ အထက်ဘီလူးချောင်းစီမံကိန်းဖြစ်တဲ့ (၂၉)မဂ္ဂါဝပ် Project ကြီးကတော့ တတိယငါးနှစ် ကာလတိုစီမံကိန်းထဲ ရောက်သွားမှာ ဖြစ်တဲ့အတွက် ကြောင့် ၂၀၁၆-၂၀၂၀ ထဲကို ဝင်သွားမှာဖြစ်ပါကြောင်း သိရှိရပါတယ်။ ဝန်ကြီးဌာနက

လုပ်နေတဲ့ စီမံချက်တွေ အားလုံးကတော့ on going ဖြစ်တဲ့အတွက်ကြောင့် စိတ်ချရတဲ့ အနေအထားမှာရှိပါတယ်။ အဲဒီ(၉)ခုထဲမှာတစ်ခါ ပြန်ကြည့်ပြန်တော့ စောစောက(၃)ပြီးသွားရင် ကျန်တာ(၆)ခုရှိပါတယ်။ အဲဒီထဲမှာရေအားနဲ့ကျောက်မီးသွေး တစ်ခုပါပါတယ်။ အဲဒါတွေထဲမှာ ကုမ္ပဏီတစ်ခုက နုတ်ထွက်ပါတယ်။ နာမည်နဲ့တပ်ပြောရင်တော့ ထူးကော်ပိုရေးရှင်းပေါ့။ နုတ်ထွက်သွားတဲ့ အတွက်ကြောင့် ကျန်(၅)ခုဟာ MoU ထိုးထားတဲ့ အဆင့်ကနေပြီးတော့ နောက်တစ်ဆင့်တက်နိုင်တဲ့ အဆင့်မရှိသေးကြောင်းတွေ့ရပါတယ်။ MoU ကတော့ နားလည်မှု စာချွန်လွှာသာ ဖြစ်ပြီးတော့ လုပ်ငန်းတကယ်လုပ်မယ် ဆိုရင်တော့ MoAကို ထိုးပြီးမှလုပ်ငန်းစလုပ်မှာ ဖြစ်ပါတယ်။ အဲဒီအဆင့်ကိုတက်နိုင်သေးတဲ့ သဘောမရှိပါဘူး။

အလားတူပဲ နိုင်ငံခြားကုမ္ပဏီတွေက Investment လုပ်ထားတဲ့ (JV/BOT) Project ကြီး (၄၄)ခုကို ကြည့်တော့ ဥပမာ CPI (China Power Investment) ရဲ့လိုင်ဇာ ( ၁၉၀၀ ) မဂ္ဂါဝပ်၊ မြစ်ဆုံ(၆၀၀၀)မဂ္ဂါဝပ်၊ ချီဖွေ(၃၄၀၀)မဂ္ဂါဝပ် စုစုပေါင်းဆိုရင် (၁၁၃၀၀)မဂ္ဂါဝပ် အဲဒီ (၃)ခုကတော့ MoU အဆင့်ကနေ MoA အဆင့်ကို တက်လှမ်းပြီးတော့ လိုအပ်တဲ့ Survey တွေ၊ ဘာတွေ လုပ်ပြီးတာဖြစ်တဲ့အတွက်ကြောင့် အပြီးသတ် Joint Venture Agreement လို့ခေါ်တဲ့ ပူးပေါင်းဆောင်ရွက်မယ့် စာချုပ်ထိအောင်ထိုးပြီးကြောင်း ကျွန်တော်တို့ တွေ့ပါတယ်။ (၃)ခုပါ။ ဒါဖြင့်ရင် ကျန်တာ (၄၁)ခုကျန်ပါတယ်။ အဲဒီ(၄၁)ခုကတော့ MoU၊ MoA မှာပါတဲ့ နှစ်ဦးနှစ်ဖက် လိုက်နာရမယ့် စည်းကမ်းချက်တွေရှိပါတယ်ခင်ဗျာ။Term of Agreement (ToA)တွေနဲ့ မညီသေးဘူးဆိုတာ တွေ့ရပါတယ်။ ဒါကိုဆက်မလုပ်သေးဘူးဆိုတာ တွေ့ရပါတယ်။ သဘောကတော့ Project တွေထဲမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးပေါ်လာတဲ့ အခါမှာ သူ့ထက် ငါကောင်းပေါ့ ဝင်လာပြီးတော့ တိုင်းရင်းသားကုမ္ပဏီတွေကိုကြားခံပြီးတော့ အခွင့်အလမ်းတွေကို ရမိအောင်ယူလိုက် ပြီးတဲ့နောက် MoU၊ MoA လွယ်လွယ်ကူကူ ထိုးခဲ့တာ ဖြစ်ကြောင်း သုံးသပ်နိုင်ပါတယ်။ Project (၄၄) ခုပေါင်းရင် စက်တပ်ဆင် အင်အားသာ တကယ်ဖြစ်မယ်ဆိုရင် (၄၂၄၀၀) ကျော်ရှိတာ ဖြစ်တဲ့အတွက်ကြောင့် အလွန်အားရဖွယ်ရာ ကောင်းပြီးတော့ Projectအားလုံးရဲ့ Investment ဟာလည်း အမေရိကန်ဒေါ်လာ(၅၃)ဘီလီယံ သန်းပေါင်း (၅၃၀၀၀)လောက်ရှိပါတယ်။ ဒီကုမ္ပဏီများဟာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနဲ့ အရတိတိကျကျ လိုက်နာမှု မရှိသေးတဲ့အတွက် Minimum Require ဖြစ်တဲ့ အနည်းဆုံးလိုအပ်ချက်ဖြစ်တဲ့ ကျင့်သုံးသင့်တဲ့စီမံကိန်းစနစ်ဖြစ်တဲ့ Porject Formulation ကို

ချမှတ်ဖို့အတွက် လုံလောက်တဲ့ ကွင်းဆင်းလေ့လာခြင်းများ လုပ်ဆောင်တာမရှိသေးဘူးလို့ ကျွန်တော်သိထားရပါတယ်။ ဆိုလိုတာကတော့ (၄၁)ခုရဲ့ ဆောင်ရွက်ချက်က အားရဖွယ်မရှိသေးကြောင်း ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခြေအနေတွေကို ပြန်ပြီးတော့ ခြုံငုံသုံးသပ်လိုက်မယ်ဆိုရင် Joint Venture (BOT)စနစ်နဲ့ ဆောင်ရွက်မယ်ဆိုတဲ့ (၄၂၄၀၀) မဂ္ဂါဝပ်ထွက်မယ့် Projectကြီး (၄၄)ခုဟာဘယ်လိုမှ လက်တွေ့ကျကျအကောင်အထည်ပေါ်လာမယ့် လက်ရှိ အနေအထားအရတော့ နှစ်ဖက်သဘောတူညီထားတဲ့ ကတိကဝတ်တွေတောင်မှ ပျက်ပြယ်နေတဲ့ သဘောဖြစ်တယ်လို့ ကျွန်တော်တို့ယူဆရမှာဖြစ်ပါတယ်။ ဒါဆိုရင်တော့ အရင်အစိုးရ လက်ထက်တုန်းက ဆွဲခဲ့တဲ့နှစ်(၃၀)စီမံကိန်းကို ဒီနှစ်ပြီးရင်တော့ ပထမ(၁၀)နှစ် ပြီးသွားပြီ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်သစ်၊ အစိုးရသစ်ဟာ သက်တမ်း(၂၀)ကို ဆက်ပြီးတော့ အစိုးရအဆက်ဆက်က တာဝန်ခံ သွားရမှာဖြစ်ပါတယ်။ အဲဒီ အနှစ်(၂၀)အတွင်းမှာ တာဝန်ခံ ရမယ့် အစိုးရအနေနဲ့၊ ပြည်ထောင်စုအစိုးရအနေနဲ့ ဒီ Project တွေရဲ့ ရလဒ်တွေကို လက်တွေ့ကျကျမျှော်မှန်းနိုင်မယ့် အခြေအနေတော့ သိပ်အားရဖွယ်ရာမရှိဘူးလို့ဘဲ ကျွန်တော်တို့ တည့်တည့်ပဲ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေနဲ့ လက်ရှိအခြေအနေမှာ အလွန်ပွင့်လင်းနေတဲ့ အနေအထားရှိပါတယ်။ အခြေအနေကောင်း ဖြစ်ပါတယ်။ နိုင်ငံခြားက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖြစ်တဲ့ FDI တွေကို အမြောက်အမြား အလုံးအရင်းနဲ့ ဝင်လာနိုင်ရန်လည်း အစိုးရပိုင်းကဖွင့်ပေးတာတွေဖြစ်တဲ့ ဖြေလျှော့ပေးတာတွေ အများကြီး ရှိပါတယ်။ FDI Law ကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကမကြာခင်ကမှ အတည်ပြုပြီးဖြစ်ပါတယ်။ အလားတူပဲအလုပ်သမားနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ မြေလွတ်မြေရိုင်းနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဥပဒေတွေ ကျွန်တော်တို့ဘက်က အကုန်ပြဋ္ဌာန်းပြီးဖြစ်တဲ့ အတွက်ကြောင့် စျေးကွက်ကရှိနေပြီဖြစ်ပါတယ်။ဒါကြောင့်လက်ရှိအခြေအနေမှာရေရာသေချာခြင်းမရှိသေးဘူး။ တစ်နည်းအားဖြင့် MoU၊ MoA ကိုသာ ထိုးထားရတဲ့အဆင့်က မတက်နိုင်သေးတဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းကုမ္ပဏီများရဲ့ စီမံကိန်းတွေကို ပြန်လည် သုံးသပ်ရန်အကြောင်း တစ်ခုရှိနေပါတယ်လို့ ဥက္ကဋ္ဌကြီးကို ကျွန်တော်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ စတုတ္ထပုံမှန်အစည်းအဝေးတုန်းက အဆိုရှင်ဦးမျိုးမြင့်ပဲ တင်ခဲ့တဲ့ အဆိုတစ်ခုကို အားလုံးသတိရမယ်လို့ ထင်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ စီမံကိန်းကြီးတွေလုပ်မယ်ဆိုရင် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရထားတဲ့ ကျွမ်းကျင်ပညာရှင်ဖြစ်ပါတယ်။ အဲဒီပညာရှင်အဖွဲ့များကို ငှားရမ်းလုပ်ဆောင်သင့်ကြောင်းဆိုတဲ့ အဆိုတင်ထားပါတယ်။ အဲဒါကျွန်တော်ပဲ ထောက်ခံခဲ့ပါတယ်။ အဲဒီအဆိုဟာ သိပ်အရေးကြီး ပါတယ်။ အဲဒါက Third Party Consultant လို့ခေါ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက အလုပ်ရှင်၊ ကျွန်တော်ကပိုင်ဆိုင်သူ၊ လာလုပ်တာက ကန်ထရိုက်ယူတဲ့ ကုမ္ပဏီ က နိုင်ငံခြားသား အဲဒီနှစ်ခုကြားထဲမှာ ပြောရဆိုရတာကို ပိုင်ရှင်နဲ့ လုပ်ငန်းလုပ်သူနဲ့ တိုက်ရိုက်ပြောစရာမလိုဘဲနဲ့ နိုင်ငံတကာ အသိအမှတ်ပြု အဆင့်အတန်းမီတဲ့ ပညာရှင်အဖွဲ့ကနေပြီးတော့ Third Party ကြားခံပုဂ္ဂိုလ်အနေနဲ့ စိစစ်ပြောပေးတာဟာ အလွန်မျှတပါတယ်။ ဒါဟာ ငြင်းလို့မရတဲ့ကိစ္စ ဖြစ်ပါတယ်။

ဒါကြောင့် Third Party Consultant ငှားရမ်းကြပ်မတ်သင့်တယ်ဆိုတဲ့ အဆိုဟာ ဒီနေရာမှာလာပြီးအကျုံးဝင်တာဖြစ်ပါတယ်။ ဒါကြောင့်လဲကျွန်တော်တို့ ပြန်ပြီးသုံးသပ်ရမယ့် အဆင့် ရောက်သွားပါပြီ။ ပြန်ပြီးသုံးသပ်ရတာကို ဝန်ကြီးဌာနအနေနဲ့ တိုက်ရိုက်သုံးသပ်ရင် အခက်အခဲတွေရှိနိုင်ပါတယ်။ အဲဒီအခါမှာ Third Party Consultant သာ ရှိမယ်ဆိုရင် အခုလိုစိစစ်တာဟာပိုပြီးလွယ်ကူမယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ဒါကြောင့် သုံးသပ်ရမယ့် နည်းလမ်း(၂)သွယ် ဖြစ်ပါတယ်။ ဒုတိယတစ်ခုကလည်း အဆိုရှင်ဦးမျိုးမြင့်ကပဲ ဒုတိယပုံမှန်အစည်းအဝေးမှာ တင်သွားတာတစ်ခုရှိပါတယ်။ အဲဒါကတော့ ရေအားလျှပ်စစ် စီမံကိန်းတွေရဲ့ အားသာမှုပေါ့။ ကျွန်တော်တို့ ရေအားလျှပ်စစ်စီမံကိန်းဟာ ကျွန်တော်လည်း ပထမပိုင်းမှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ရေအားလျှပ်စစ်စီမံကိန်း တစ်ခုလုပ်ရင် နံပါတ်(၁) လိုအပ်ချက်ကမြစ်ချောင်းကြီးတွေကိုပိတ်ရတာပါ။ပိတ်ပြီးတော့အကြီးစားဆည်ကြီးတွေတည်ရတာ ဖြစ်ပါတယ်။ ရေလျှောင်တမံကြီးတွေ တည်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ရေလျှောင်တမံကြီးများကို တည်ဆောက်တဲ့နည်းပညာ အလွန်အားသာချက်ရှိနေပါတယ်။ ကျွန်တော်တို့ဘက်က တော်တော်လေးလည်း အတွေ့အကြုံရနေပါတယ်။ ဆည်မြောင်းတာတမံပေါင်း (၁၀၀)ကျော် တည်ဆောက်ထားနိုင်ပါတယ်။ ပြီးခဲ့တဲ့

အပတ်၊ အားတဲ့(၃)ရက် (၄)ရက်ပိတ်တဲ့ရက်တွေမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့တွေဟာ လျှပ်စစ်ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ အဆိုရှင်ဖြစ်တဲ့ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့်တို့ရဲ့စုပေါင်း စီစဉ်ပေးချက်အရ ပထမတစ်သုတ်က ပေါင်းလောင်း၊ အထက် ပေါင်းလောင်းနဲ့ နန်ချိုစီမံကိန်း၊ ဒုတိယတစ်သုတ်က ပြီးခဲ့တဲ့ရက်ကပဲ ဖြူးချောင်းနဲ့ ကွန်ချောင်း စီမံကိန်းတွေကို သွားရောက်လေ့လာပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ပညာရှင်များရဲ့ အနေအထားနဲ့ ဆောင်ရွက်နိုင်တဲ့ အင်အားဟာ အလွန်အားရဖွယ်ရာ ကောင်း ပါတယ်။

ဆိုလိုတာက ကျွန်တော်တို့နိုင်ငံဟာ ဒီလို ရေလှောင်တမံ အကြီးစားတွေကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်တဲ့ နိုင်ငံတစ်ခုဆိုတာ အရှေ့တောင်အာရှမှာ ထင်ရှား ပါတယ်။ အဲဒီမှာ နိုင်ငံတကာမှာ တည်ထားတဲ့၊ ဖွဲ့စည်းထားတဲ့ International Commission on Large Dams (ICOLD)ကို ဝင်သင့်ပါတယ်လို့ ဦးမျိုးမြင့် က အဆိုတင်တုန်းကလည်း လွှတ်တော်က အတည်ပြုထားပြီးသား ဖြစ်ပါတယ်။ အောင်ပြီးသား အဆို တစ်ခု ဖြစ်ပါတယ်။

ဒီ (ICOLD)ကို ဝင်ဖို့ဟာ ထုံးစံပါပဲ။ အသင်းအဖွဲ့၊ နိုင်ငံတကာအသင်းအဖွဲ့ တစ်ခု (INGO) တစ်ခုကို ဝင်တယ်ဆိုရင် ဝင်ကြေး ပေးရမှာပေါ့။ နောက်တစ်ခါ နှစ်စဉ်ကြေး ပေးရမှာ ဖြစ်ပါတယ်။ ဒါက U.S ဒေါ်လာ ထောင်ဂဏန်းတော့ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ပြန်လည်ရမှာတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး။ နိုင်ငံတကာအဆင့်မီဒီအဖွဲ့အစည်းကြီးကပြန်ရမယ့်ဟာက နောက်ဆုံးပေါ် နည်းပညာတွေ၊ အကြံဉာဏ်တွေ၊ Technical Assistances တွေ၊ နောက်ပြီး တော့ နိုင်ငံတကာ အရည်အသွေးမီတဲ့၊ စံနဲ့မီတဲ့ စစ်ဆေးမှုတွေကို ရရှိနိုင်တာ ဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့က စီမံကိန်းတွေကို ပြန်သုံးသပ်ရမယ့်အဆင့်မှာ (ICOLD) အဖွဲ့ဝင် တစ်ခု ဖြစ်ထားမယ်ဆိုရင် (ICOLD)အကူအညီနဲ့ ဒီစီမံကိန်း၊ ဒီစီမံကိန်း၊ ဒီစီမံကိန်း တွေဟာ Feasibality ကောင်းတယ်၊ မကောင်းဘူး၊ ဒါ ဖြစ်နိုင်ခြေ ရှိတယ်၊ ဒါ မရှိဘူး။ ဒါကတော့ ဆက်လုပ်ဖို့ လိုတယ်စသည်ဖြင့် အကြံပေးမယ့်အဖွဲ့အစည်း တစ်ခုရဲ့ Advices ကို ကျွန်တော်တို့ က ရနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဂုဏ်သိက္ခာရှိပြီးတော့ (Prestige) ပေါ့။ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ တည်တည်ငြိမ်ငြိမ် ခန့်ခန့်ငြားငြားနဲ့ ဒီစီမံကိန်းကြီးတွေကို နိုင်ငံတကာအဆင့်မီတယ်လို့ အာမခံနိုင်မယ့် အဖွဲ့အစည်းရဲ့ နောက်ခံနဲ့ ကျွန်တော်တို့ သုံးသပ်နိုင်မှာ ဖြစ်ပါကြောင်း

ကျွန်တော် ပြန်တင်ပြအပ်ပါတယ်။ ဒါကြောင့် ဦးမျိုးမြင့် ရဲ့ အဆိုအတိုင်း MoU၊ MoA သာ ထိုးထားနိုင်ပြီးတော့ လုပ်ငန်းလည်း မတိုးတက်၊ ကတိကဝတ်လည်း ပျက်ပြယ်နေတဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနဲ့ အကောင်အထည်ဖော်မယ့် မရေမရာ Projects များကို အထက်ပါ နည်းလမ်း(၂)သွယ်၊ တစ်သွယ်ကတော့ Third Party Consultant ၊ နောက်တစ်ခု ကတော့ (ICOLD)ရဲ့ ပညာရှင်များနဲ့ ပြန်လည်သုံးသပ်စစ်ဆေးပြီးတော့ လက်တွေ့ကျကျ အကျိုးရှိမယ့်၊ အကောင်အထည်ဖော်နိုင်မယ့် ပြည်တွင်းပြည်ပ ကုမ္ပဏီများကို အခု ထုံးစံ အတိုင်း၊ ကမ္ဘာ့ထုံးစံ အတိုင်း စျေးကွက်ယှဉ်ပြိုင်မှုစနစ်နဲ့ ခေါ်ယူပြီးတော့ အကြံကောင်း၊ ဉာဏ်ကောင်းများ ရယူလျက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေနဲ့ စွမ်းအင်လိုအပ်ချက်၊ မျှော်မှန်းချက်ကို၊ ပြည့်မီရေးကို ကြိုးစားသွားရန် သင့်ပြီဆိုတဲ့အကြောင်းကို တင်ပြရင်း ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၃း၄၇။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၇။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရှင်လန်းကျန်းမာပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (B.O.T)နှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှု (JV/B.O.T) အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ

ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအား အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်စေရန်လိုအပ်ချက်မှာ လျှပ်စစ်ကဏ္ဍဟာ အဓိကအခန်းမှ ပါဝင်နေပြီး ဆယ်စုနှစ်ပေါင်းများစွာ ပြည်သူသုံး၊ စက်မှုလက်မှုလုပ်ငန်းသုံးတို့အတွက် လျှပ်စစ်မီးဟာ လုံလောက်မှုမရှိဘဲ အလှည့်ကျခွဲတမ်းစနစ်ဖြင့်သာ သုံးစွဲဖြတ်သန်းလာခဲ့ရရာ၊ ယခင်အစိုးရ အနေဖြင့် အခြေခံစနစ်ကြီး(၃)ခုကို ကျင့်သုံးလျက် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်၍ ပြည်တွင်းသုံးစွဲမှုလုံလောက်မည့်အပြင် ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ပါ ဓာတ်အားရောင်းချနိုင်ရေး အစီအမံများကို ဦးတည်ရည်ရွယ်ချက်ကောင်းဖြင့် လုပ်ဆောင်လာခဲ့တယ်လို့ သိရှိထားပါတယ်။ အဲဒီအခြေခံစနစ်(၃)ခုကတော့ (၁) ဝန်ကြီးဌာန၏ တိုက်ရိုက်ပါဝင်မှုဖြင့် ဖွဲ့စည်းပုံပါ ဝန်ထမ်း/စက်ယန္တရား၊ ယာဉ်/ပစ္စည်းများ အသုံးချရင်းနှီးမြှုပ်နှံဆောင်ရွက်သည့် အစီအစဉ်၊ (၂) တိုင်းရင်းသားကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှု(B.O.T)အစီအစဉ်နှင့်၊(၃)နိုင်ငံခြားသားကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှု အကျိုးတူပူးပေါင်းဆောင်ရွက်မှု (JV/B.O.T) အစီအစဉ်တို့ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်များအရ တိုင်းရင်းသားကုမ္ပဏီများပါဝင်တဲ့ စုစုပေါင်း စက်တပ်ဆင်အင်အား(၅၈၆)မဂ္ဂါဝပ်ရှိ ရေအား/ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း(၉)ခုအနက် ကုမ္ပဏီတစ်ခုမှ ၎င်းတို့ MoU လက်မှတ်ရေးထိုးခဲ့တဲ့ စီမံကိန်းတစ်ခုကို ပြန်လည်အပ်ခဲ့တယ်လို့ သိရှိရပါတယ်။ MoU နှင့် (JV/B.O.T) လက်မှတ်ရေးထိုးပြီး စီမံကိန်း(၈)ခုသာ ကျန်ရှိမည်ဟု နားလည်ပါတယ်။ လက်ရှိပြည်ထောင်စုအစိုးရ သက်တမ်းကာလ မကုန်ဆုံးမီ စီမံကိန်း(၂)ခုသာ ပြီးစီးနိုင်ပြီး ကျန်စီမံကိန်း(၆)ခုအနက် အချို့သည် ၂၀၂၀-၂၀၂၁ ခုနှစ်မတိုင်မီအတွင်းမှာ ပြီးစီးနိုင်ကြောင်း သိရှိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(၃)ဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကျိုးတူပူးပေါင်းဆောင်ရွက်မှု(JV/B.O.T)စီမံကိန်း(၄၄)ခုဟာ MoUနှင့်MoAနားလည်မှု၊ သဘောတူညီချက်စာချွန်လွှာများ ရေးထိုးထားသည့် စီမံကိန်းများသာဖြစ်ရာ ကျွန်တော် ဥာဏ်မှီသလောက် တင်ပြရပါလျှင် (JV/B.O.T), (JVA) အပြီးသတ်ကန်ထရိုက်စာချုပ် လက်မှတ်မရေးထိုးနိုင်သေးသမျှ လုံးဝရေရာ သေချာမှု မရှိပါဆိုတဲ့အချက် ဖြစ်ပါတယ်။ အဆိုပါ MoU၊ MoA များဟာလည်း

သိရှိသလောက်ကတော့ နှစ်ဖက်သဘောတူညီထားကြတဲ့ ကာလထက် (၂)နှစ်မှ(၃)နှစ်အတွင်း၊ အချို့မှာ (၃)နှစ်ပင် ကျော်လွန်ခဲ့ပြီဖြစ်လို့ လက်မှတ်ထိုးခဲ့ကြတဲ့ သက်တမ်းကာလ ကုန်ဆုံးပြီ၊ မကုန်ဆုံးသေးဆိုတာ စဉ်းစားစရာ ဖြစ်နေပါတယ်။ ဖော်ပြပါ စီမံကိန်း(၄၄)ခုကို ဆန်းစစ်ကြည့်မယ်ဆိုရင် နိုင်ငံတစ်ခုတည်းမှ ကုမ္ပဏီများကိုသာ တွေ့ရှိရတဲ့အတွက် ယနေ့ ပြည်ထောင်စုအစိုးရရဲ့ ပွင့်လင်းမြင်သာတဲ့ စျေးကွက်သစ်ကို အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ယှဉ်ပြိုင်မှုစနစ်ဖြင့် ပါဝင်စေမှု International Competative Bidding ဖြင့် ဖွင့်လှစ်သင့်တယ်လို့ သုံးသပ်လိုပါတယ်။

ရှုထောင့်မျိုးစုံမှစူးစမ်းလေ့လာမှုများအရ အချက်အလက်ကောက်ခံရရှိမှုစစ်တမ်းများ၊ မြေပြင်ကွင်းဆင်းလေ့လာ တိုင်းတာစူးစမ်းလေ့လာမှုများ၊ အချက်အလက် ကောက်ယူရရှိမှုစစ်တမ်းများ၊ ပုံထုတ်ပြီးမှုများအပေါ် ဖြစ်မြောက်နိုင်စွမ်းနှင့် အကောင်အထည် ဖော်ရန်မျှတမှုရှိ၍ လုပ်သင့်လုပ်ထိုက်သော စီမံကိန်း (Feasible and Justificable Project) ဖြစ်ပါက (JVA) (JV/B.O.T) လက်မှတ်ရေးထိုးခဲ့ပြီးလျှင် မှတ်ချက် တစ်စုံတစ်ရာ မပေးလိုပါ။ သို့ရာတွင် စတိ သဘောတူညီချက်/ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားကြသည့် စီမံကိန်းများ သာဖြစ်ကြောင်း တွေ့ရှိနေရရာ လက်တွေ့အလုပ်မဖြစ်တဲ့အပြင် လက်ဦးမှု ရယူထားကြတယ်လို့ နားလည်ထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နမူနာအနေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း/ တောင်ပိုင်း သံလွင်မြစ်ပေါ်မှာ တည်ဆောက်မယ့်ရေအားလျှပ်စစ် စီမံကိန်း(၂)ခုကို ထောက်ပြလိုပါတယ်။ တစ်ခုက ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းတုံမြို့နယ်အတွင်း ၂၀၀၁-၂၀၀၂ခုနှစ် ပတ်ဝန်းကျင်မှာ စက်တပ်ဆင်အင်အား (၇၁၁၀)မဂ္ဂါဝပ်ရှိတဲ့ တာဆန်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ရန် လျှပ်စစ်ဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံကုမ္ပဏီတစ်ခုတို့ (JV/B.O.T) စာချုပ် အပြီးသတ်လက်မှတ်ရေးထိုးခဲ့သော်လည်း (၁၀)နှစ်ကျော်ကြာသည့်တိုင်အောင် လုပ်ငန်းများ မစတင်နိုင်ခဲ့သေးလို့ သိရှိရပါတယ်။

နောက်ဆုံးအနေနဲ့ တာဆန်းစီမံကိန်းရဲ့ လက်ရှိနေရာကို ပြောင်းရွှေ့ပြီး စက်တပ်ဆင်အင်အားတူ အထက်သံလွင်(မိုင်းတုံ) ရေအားလျှပ်စစ်စီမံကိန်းအဖြစ် တရုတ်နိုင်ငံမှ အခြားကုမ္ပဏီ တစ်ခု၊ ထိုင်းနိုင်ငံမှ Electricity Generating and Authority of Thailand

ကုမ္ပဏီနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ ၂၀၁၀ ပြည့်နှစ်အတွင်း MoU လက်မှတ်ရေးထိုးခဲ့ကြတယ် ဆိုတာပါပဲ။ နောက်စီမံကိန်းတစ်ခုကတော့ ရှမ်းပြည်နယ် မြောက်ပိုင်းက စက်တပ်ဆင် အင်အား (၁၄၀၀)မဂ္ဂါဝပ်ရှိ အထက်သံလွင်(ကွမ်းလုံ)ရေအားလျှပ်စစ်စီမံကိန်း ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံမှကုမ္ပဏီတစ်ခုတို့ MoA လက်မှတ် ရေးထိုးခဲ့ကြပါတယ်။ ကျွန်တော်နားလည်ထားသမျှ MoA လက်မှတ်ရေးထိုး ပြီးတာနဲ့ တစ်ပြိုင်နက် မြေပြင်အကြိုတည်ဆောက်မှုလုပ်ငန်းများ စတင်ရမှာဖြစ်သော်လည်း တစ်စုံတစ်ရာ ဆောင်ရွက်မှုများမတွေ့ရှိရပါ။ ကျွန်တော့်အမြင် သုံးသပ်ရပါလျှင် ပြည်ပ နိုင်ငံခြားကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံမှု (JV/B.O.T)စနစ်ဖြင့် ဆောင်ရွက်မည့် ရေအား လျှပ်စစ်စီမံကိန်းကြီးများဟာ လက်တွေ့မှာ ယခုအချိန်အထိ တစ်ခုမျှ မမြင်တွေ့ရသေးပါ။ အလားတူ တိုင်းရင်းသား ကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများဟာလည်း အရေအတွက် အရရော၊ စက်တပ်ဆင် အင်အားအရပါ အားရဖွယ်ရာမတွေ့ရှိရပါ။ ဝန်ကြီးဌာနနှင့်လက်အောက်ရှိ လုပ်ငန်းဌာန၏ အစီအစဉ်၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် စီမံကိန်းများသည်သာ လက်တွေ့အကောင်အထည်ပေါ်လာကြောင်း တွေ့ရှိ ရပါတယ်။ ဥပမာ- ရဲရွာ(၇၉၀)မဂ္ဂါဝပ်၊ ကွန်းချောင်း(၆၀)မဂ္ဂါဝပ်၊ ရွှေကျင်(၇၅)မဂ္ဂါဝပ်၊ ကျိုင်းတောင်း (၅၄)မဂ္ဂါဝပ်၊ မုန်းချောင်း(၇၅)မဂ္ဂါဝပ်၊ ပေါင်းလောင်း (၂၈၀)မဂ္ဂါဝပ် စသည်တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါနားလည်မှုစာချွန်လွှာ (MoU) သဘောတူညီချက် စာချွန်လွှာ (MoA) ပါ စီမံကိန်းများဟာ သဘောတူညီချက် ကတိကဝတ်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် သတ်မှတ်ကာလများ ကျော်လွန်ခြင်း ရှိ/မရှိ ပြည်ထောင်စုအစိုးရက ပြန်လည်စိစစ် သင့်ပါကြောင်း ဆွေးနွေးရင်း မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ရှိပါတယ်။

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၅။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းခဲ့တဲ့ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူ ပူးပေါင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက် အကျိုးရှိ စေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီး (၂)ဦးကလည်းပဲ လျှပ်စစ်၊ ရေအား လျှစ်စစ်၊ နောက် ကျွန်တော်တို့ ဂက်စ်တာဘိုင် စသည်အားဖြင့် အသီးသီးကို အသေးစိတ်တော့ ဆွေးနွေးသွားပါပြီ။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွန်တော် လေ့လာ သိရှိရသလောက် နေရာပေါင်း(၂၀၀)ကျော်၊ တိတိကျကျ ဆိုရင်တော့(၂၆၆)နေရာ၊ ကျွန်တော် တင်ပြမယ့် စာရင်းဇယားတွေက အနီးစပ်ဆုံးကိုပဲ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အနီးစပ်ဆုံးစာရင်းတွေ ကျွန်တော့်ဆီမှာ ရှိပါတယ်။ အဲဒီတော့ ဒီအတိအကျ စာရင်းတွေကို ကျွန်တော့်အနေနဲ့ ဒီမှာတင်ပြရင်လည်းပဲ ကိုယ်စားလှယ်တော်ကြီးများ အချိန်ကို လေးစားသော အားဖြင့် နီးစပ်တဲ့ စာရင်း အတိုင်းအတာကိုပဲ ကျွန်တော် တင်ပြသွားပါမယ်။

အဲဒီနေရာမှာ စုစုပေါင်း ကျွန်တော်တို့ ရေအားလျှပ်စစ်အတွက် မဂ္ဂါဝပ်(၁၀၀၀၀၀) ကျွန်တော်တို့က ထုတ်လုပ်နိုင်တယ်ဆိုတဲ့ဟာကို အရင့် အရင်ကတည်းက လေ့လာတွေ့ရှိ ထားပါတယ်။ သို့သော်လည်းပဲ လက်ရှိအနေအထားမှာ ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ ရေအား လျှပ်စစ်ကရတဲ့ ပါဝါဟာဖြင့်ရင် (၄၀၀၀)နီးပါးလောက် ဒါကျွန်တော်တို့ ဆောင်ရွက်နေတယ် ဆိုတာ သိရှိရပါတယ်။ သို့သော်လည်းပဲ အဲဒီထဲကမှ ထပ်ပြီးတော့ ကျွန်တော်တို့ ဖြန့်ဖြူးနေ တာကတော့ (၂၀၀၀)ကျော်လောက်ပဲ မဂ္ဂါဝပ်လောက်ပဲ ရှိပါတယ်။ တစ်နည်းအားဖြင့် အဲဒီ

မဂ္ဂါဝပ် (၂၀၀၀)ကျော်ဆိုတာ ၊ သို့သော် ဒီနေ့အချိန်အခါမှာတော့လည်းပဲ Non Prolification of Nuclear Energy ၊ ဒီအဏုမြူစွမ်းအင်ကို ကျွန်တော်တို့က မလုပ်ပါဘူးဆိုတဲ့ စာချုပ်စာတမ်းတွေကလည်းပဲ ရှိတဲ့အတွက်ကြောင့်၊ မဟုတ်ရင်တော့ ကျွန်တော်တို့ ဒီ Nuclear-rector တစ်လုံးဆိုတာနဲ့ ဒီပါဝါလောက်က ရသွားပါပြီ။ ကျွန်တော်တို့ ရတဲ့ ပါဝါနဲ့ ကျွန်တော်တို့ ပြန်ပြီးတော့ ကုန်ကျငွေနဲ့ ပြန်ပြီးတော့ တကယ်စဉ်းစားမယ်ဆိုလို့ရှိရင် ဒီဟာက ကျွန်တော်တို့ နိုင်ငံမှာ ကျွန်တော့်အနေနဲ့ အရင်အစောကြီးကတည်းက ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ဘာပြုလို့လဲဆိုတော့ကျွန်တော်တို့ကအခုလောက် ငွေကြေးအကုန်အကျတွေများတယ်၊ ကိစ္စရပ်အထွေထွေကလည်းရှုပ်ထွေးတယ်။ အဲဒီမှာမှရတဲ့ မဂ္ဂါဝပ်လေးဟာ နည်းနည်းလေးပါ။

အဲဒီတော့ အခုတစ်ခါ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတော်ကနေပြီးတော့ ရင်းနှီးမြှုပ်နှံပြီးတော့ ဆောင်ရွက်ထားတဲ့ ဒီ Power Station တွေကနေ လျှစ်စစ်၊ အဲဒီကနေပြီးတော့ ကျွန်တော်တို့ ရထားတာတွေ များပါတယ်။ ကျန်တဲ့ဟာတွေကတော့ ခုနကတုန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နောက် ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီ၊ အဲဒီက မည်မည်ရရ ဒီဟာတွေဟာ ကျွန်တော်တို့ မရရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဦးမျိုးမြင့် အနေနဲ့ ဒါကို ဟန်ချက်ညီညီ ဆိုတဲ့ စကားအသုံးအနှုန်းကို ထည့်ပြီးတော့ သုံးထားခြင်း ဖြစ်ပါတယ်။ တစ်ချက် ကျွန်တော့်အနေနဲ့ကတော့ဒီ MoU၊ MoA နောက်ဒီမှာလည်းပဲ(JV/ B.O.T) တချို့ကျတော့လည်း BOOT လို့လည်းပဲ ခေါ်ကြပါတယ်။ ဒီဟာတွေ ချုပ်ဆိုတဲ့အခါမှာ ကျွန်တော်တို့ အရင်တုန်းက ချုပ်ဆိုလာတဲ့အခါမှာ ချုပ်ဆိုနေတဲ့ပုဂ္ဂိုလ်တွေအပေါ်မှာ မူတည်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ဘယ်မှာပဲဖြစ်ဖြစ် MoU တွေထိုးတာတွေ ရှိပါတယ်။ ကျွန်တော်တို့ JVC ထိုးတာတွေရှိပါတယ်။ သူတို့မှာ ကတိကဝတ်အမျိုးမျိုးတွေ၊ နောက်ဆုံးကျ တကယ်လို့ ဟိုဟာဖြစ်ရင်လည်းပဲ အရေးယူဆောင်ရွက်မှုတွေ၊ Arbitrations တွေ အရေးယူ ဆောင်ရွက်မှု၊ ဒါမျိုးတွေ ပါပါတယ်။

အဲဒီတော့ ကျွန်တော်တို့က ဒီဟာတွေကို ထိုးလာတဲ့အချိန်မှာ ဒါတွေကိုများ လျစ်လျူ ရှုခဲ့သလား၊ ဒါ ကျွန်တော်တို့ လျစ်လျူ ရှုခဲ့တယ်ဆိုလို့ရှိရင်တော့ ဒါဟာ လျစ်လျူ ရှုခဲ့တဲ့ နေရာမှာ တာဝန်ရှိတယ်လို့ ကျွန်တော့်အနေနဲ့တော့ ဆွေးနွေးလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေဟာ အရေးကြီးပါတယ်။ ဒီဟာတွေ မထိုးခင် MoU တို့၊ MoA တို့ ဒီဟာတွေ Agreement တွေ၊

Natural understanding တွေ ဒီဟာတွေကို မထိုးခင်မှာ ဖြစ်နိုင်ခြေ Feasibility Studies တွေ အများကြီးလုပ်ရပါတယ်။ လုပ်ကြပါတယ်။ ဒါတွေလုပ်ပြီးတဲ့အခါကျတော့ ပြန်ပြီး ကျွန်တော်တို့ Review လုပ်ရပါတယ်။ ဒီ Review လုပ်ပြီးတဲ့အခါကျ တစ်ခါ ထပ်ပြီးတော့ ဖြစ်နိုင်စွမ်းကို In Detail အသေးစိတ်လေ့လာရပါတယ်။ အသေးစိတ်လေ့လာ ပြီးတော့မှသာလျှင် ဒီဟာတွေ ကျွန်တော်တို့ ခုနတုန်းက Agreement တွေ၊ သဘောတူညီချက်တွေကို ချုပ်ဆိုလေ့ ရှိပါတယ်။

အဲဒီတော့ ဒီဟာတွေကိုသာ မလုပ်ခဲ့ဘူးဆိုရင်တော့ ခုနက ရှေ့က ကျွန်တော့် ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားတဲ့အတိုင်းပါပဲ။ နေရာဦးတဲ့သဘောမျိုးတွေ၊ ဒီလို သဘောမျိုးတွေ အများကြီးပါမယ်လို့ ကျွန်တော့်အနေနဲ့လည်းပဲ ဆွေးနွေးတင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီဟာဟာ နိုင်ငံတော်မှာ အခု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ရောက်လာတော့မယ်။ ဒီအခါ လျှပ်စစ်စွမ်းအင် ကလည်းပဲ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် ဒီစာချုပ်တွေ၊ ဒီဆောင်ရွက်ချက်တွေကို လျှစ်လျူမရှုထားဘဲနဲ့ အသေးစိတ် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနကပဲ ဖြစ်ဖြစ်၊ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပြည်ထောင်စုအဆင့်က ပြန်လည်ပြီး အသေအချာ ဆန်းစစ်လေ့လာဖို့ လိုမယ်လို့ ကျွန်တော့်အနေနဲ့ ဦးမျိုးမြင့် ရဲ့အဆိုကို ထောက်ခံရင်းနဲ့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဘာကြောင့်လဲဆိုတော့ အားလုံးပေါင်း (၄၄)ခု၊ ဒီ Project (၄၄)ခု ၊ ဒါ Project (၄၄)ခုမှာ နောက်ဆုံးပြီးသွားရင်တောင်မှ (၄၇)ရာခိုင်နှုန်းလောက်ပဲ သူရမှာပါ။ ဒီ(၄၄) Project ကပြီးသွားရင် ရလာမယ့်ဟာက မဂ္ဂါဝပ်(၄၀၀၀၀)လောက်ရမယ်။ (၄၀၀၀၀)လောက် ဆိုတော့ သူက (၄၇)ဆိုတော့ အနီးဆုံး ယူလိုက်လို့ရှိရင် (၂၀၀၀၀)လောက်၊ ဒါကလည်း နှစ်ပေါင်းများစွာ၊ အခုကိုလည်းပဲ မပီပြင်သေးဘူးဆိုတော့ ဒီတွက်ချက်ထားမှု၊ ဒီမျှော်မှန်းထားမှုဟာ ကျွန်တော့် အနေနဲ့တော့ ဖြစ်လာမယ်၊ သေသေချာချာ မစိစစ်ရင်တော့ ကျွန်တော်တို့ ဒီဟာဟာ ရလာနိုင်စွမ်းမရှိဘူးလို့ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးလိုပါတယ်။ ဒါဟာ မျှော်မှန်းချက်ကြီးတစ်ခု၊ ဒါဟာ ဦးမျိုးမြင့် ရဲ့ စာတမ်း၊ ဦးမျိုးမြင့် ရဲ့ ဆွေးနွေးသွားတဲ့ အထဲမှာလည်းပဲ ရေးထားသလို စာရွက်ပေါ်မှာပဲ ရှိနေတဲ့သဘောမျိုးလို့ပဲ ဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့အနီးအနားနိုင်ငံဖြစ်တဲ့၊ အင်မတန်မှ ကျွန်တော်တို့နဲ့ Level သေးတဲ့၊ လာအိုနိုင်ငံတောင်မှာ အခုအချိန်အခါမှာ အရှေ့တောင်အာရှမှာ သူက ဒီ စွမ်းအင်တွေကို ထုတ်ရောင်းဖို့ ကြိုးကြိုးစားစားနဲ့ စနစ်တကျ ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံဆိုလို့ရှိရင်လည်းပဲ၊ သူတို့ ဒီ လျှပ်စစ်စွမ်းအားတွေကို မဲခေါင်မြစ်ဝှမ်းကနေရဖို့၊ သူတို့ဆီက ရဖို့၊ MoU တွေထိုးတယ်၊ MoA တွေ ထိုးတယ်၊ JVA လုပ်တယ်၊ ကျွန်တော်တို့ လေ့လာကြည့်ဖို့ လိုပါတယ်။ အသေအချာ အတိအကျ တကယ်ကို Report ကြီးတစ်ခု၊ တချို့ဟာတွေဆိုလည်းပဲ Internet မှာကို တင်ထားပါတယ်။ သေသေချာချာလေ့လာပြီးတော့ ဆောင်ရွက်နေတဲ့အချိန်အခါ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး ဦးမျိုးမြင့်ရဲ့ အဆိုကို၊ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ။** ။အဆိုနှင့် စပ်လျဉ်းပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဦးခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ရှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်မှ တင်သွင်းသော အဆိုအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အချိန်တိုအတွင်း ပြည့်မီစွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ အခါမှာ စီမံကိန်းများကို အောက်ပါနည်းလမ်း(၃)ရပ်ဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ကြီးဌာနမှ ကိုယ်တိုင်တည်ဆောက်ခြင်း၊ လျှပ်စစ်စီမံကိန်း (၁၁)ခု၊ (၂၁၃၂) မဂ္ဂါဝပ် ဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်

များအား (B.O.T) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စီမံကိန်း(၆)ခု၊ (၇၉၆.၆) မဂ္ဂါဝပ် ဖြစ်ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်သော ပြည်ပကုမ္ပဏီများအား(JV/ B.O.T)အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း စီမံကိန်း(၄၆)ခု၊ (၄၃၀၂၅၂) မဂ္ဂါဝပ် ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား(B.O.T) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲ စီမံကိန်း(၆)ခု ရှိသည့်အနက် စီမံကိန်း(၃)ခု မှာ ပဋ္ဌိညာဉ်စာချုပ်ရေးထိုးပြီးဖြစ်၍ ကျန်စီမံကိန်း(၃)ခုမှာ MoU သာ ရေးထိုးထားရှိပြီး စီမံကိန်း ဆိုင်ရာ စူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက် ရှိပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (JV/B.O.T) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဆဲ လျှပ်စစ်စီမံကိန်း (၄၆)ခုရှိသည့်အနက် စီမံကိန်း (၃)ခုမှာ JVA လက်မှတ်ရေးထိုးပြီး၊ စီမံကိန်း(၂၂)ခုမှာ MoA လက်မှတ်ရေးထိုးပြီး၊ စီမံကိန်း (၂၀)ခုမှာ MoU လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ကျန်စီမံကိန်းတစ်ခုဖြစ်သော ချီဖွေငယ် စီမံကိန်းမှာ မြစ်ဆုံစီမံကိန်းရဲ့ Construction Power Project အဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအချိန်မှာ (၉စ.၅)ရာခိုင်နှုန်း ပြီးစီးဖြစ်ပါတယ်။ စီမံကိန်းထွက်ရှိလာမယ့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ (B.O.T)၊ (JV/ B.O.T) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စီမံကိန်းများဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)၊ သဘောတူညီမှုစာချွန်လွှာ(MoA)၊ ဖက်စပ်သဘောတူစာချုပ်(JVA) များအား လုပ်ထုံးလုပ်နည်း များအရ သူ့အဆင့်နှင့်သူ အဆင့်ဆင့်စိစစ်၍ လိုအပ်သော အတည်ပြုချက်များ ရယူဆောင်ရွက် ရပါတယ်။

ဦးစွာ MoU စာချုပ်ပါ သတ်မှတ်ချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆက်လက် တင်ပြသွားမှာ ဖြစ်ပါတယ်။(B.O.T) စနစ်ဖြစ်ဖြစ်၊ (JV/ B.O.T) စနစ်ဖြစ်ဖြစ်၊ ကနဦး အနေဖြင့် MoU ကို လက်မှတ်ရေးထိုးကြပါတယ်။ MoU လက်မှတ်ရေးထိုးခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဆောင်ရွက်လိုသည့် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာရန်အတွက် ဖြစ်ပြီးတော့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာ ပြုစုနိုင်ရန် စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

MoU နဲ့ ပတ်သက်ပြီး အချိန်ကာလ သတ်မှတ်ချက်ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ Master Plan Pre-feasibility Study တင်ပြရက်က MoU လက်မှတ်ရေးထိုးပြီး နေ့မှစ၍ (၁၂)လအတွင်း ဖြစ်ပါတယ်။ Feasibility Study, Detail Project တင်ပြမည့် ရက်က Master Plan (FSR) အတည်ပြုပြီး (၁၈)လအတွင်း ဖြစ်ပါတယ်။ စီမံကိန်း အကောင်အထည် ဖော်ခွင့်ဆိုင်ရာ လွှဲပြောင်းခြင်း (Transfer the Development Rights ) MoU ရေးထိုးသည့် နေ့မှစ၍ လပေါင်း(၃၀)ထက်ကျော်လွန်ပြီး စီမံကိန်းအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းများ ဖြစ်ပေါ်ပါက စီမံကိန်းအကောင်အထည်ဖော်ခွင့်အား တတိယအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ဖော်ပြပါ သတ်မှတ်ချက်များ ထည့်သွင်းလျက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်တို့နှင့်အညီ အစိုးရအဖွဲ့၏ အတည်ပြု ခွင့်ပြုချက်ဖြင့် လက်မှတ်ရေးထိုးထားသော(MoU)စာချုပ်ပါဌာနနှင့် စီမံကိန်းအကောင်အထည် ဖော်သူတို့၏ သဘောတူညီချက် ခေါင်းစဉ်အောက်တွင် စီမံကိန်းအကောင်အထည်ဖော် သူက စီမံကိန်းရဲ့ ပင်မစီမံချက်အား (၁၂)လအတွင်းပြီးစီးအောင် ပြုစုရမှာဖြစ်ပါတယ်။ ပင်မ စီမံချက်အား အတည်ပြုပြီးနောက် (၁၈)လအတွင်း စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ပြီးစီးအောင် ပြုစုရမှာ ဖြစ်ပါတယ်။

စီမံကိန်းဆိုင်ရာ တည်ဆောက်ရန်လုပ်ငန်း၊ အကြိုလုပ်ငန်းများကိုလည်း စီမံကိန်း အကောင်အထည်ဖော်သူအနေနှင့် စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း လေ့လာစူးစမ်းမှု ဆောင်ရွက်ခြင်းနှင့်အတူ တစ်ဆက်တည်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အကယ်၍ စီမံကိန်း အကောင်အထည်ဖော်သူဟာ MoU လက်မှတ်ရေးထိုးပြီး လပေါင်း(၃၀)ရက်ထက် ကျော်လွန်ပြီး စီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ခြင်းများ ဖြစ်ပေါ်လာလို့ ရှိရင် စီမံကိန်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို တတိယ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် စာချုပ်ဝင် အားလုံးသည် သဘောတူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စီမံကိန်း အကောင်အထည်ဖော်သူ အနေနဲ့ စီမံကိန်းနှင့် ပတ်သက်၍ မူလက ကျခံသုံးစွဲခဲ့သော ကျိုးကြောင်းညီညွတ်သည့် အခကြေးငွေအရ တတိယအဖွဲ့အစည်းထံမှ လျော်ကြေး တောင်းခံခွင့်ရှိသည်ဟူ၍ ထည့်သွင်း ချုပ်ဆိုထားပါကြောင်း တင်ပြအပ်ပါတယ်။

ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း စီမံကိန်းအကောင်အထည်ဖော်သူများ အနေနဲ့ လိုက်နာတင်ပြရမည် ဖြစ်သော်လည်း တချို့စီမံကိန်းများ၏ တည်နေရာ၊ အနေအထား၊ လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ ရာသီဥတု အခြေအနေတို့ကြောင့် သတ်မှတ်ကာလအတွင်း တင်ပြနိုင်ခြင်း မရှိပါက စီမံကိန်းအကောင်အထည်ဖော်သူ အနေဖြင့် ကျိုးကြောင်းညီညွတ်စွာ ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်နဲ့ အညီ ဝန်ကြီးဌာန စီမံခန့်ခွဲမှု နည်းလမ်းကို အသုံးပြုလျက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းဆိုင်ရာ ကြားဖြတ်အစီရင်ခံစာကို (၁) ပြုစုတင်ပြစေခြင်း၊ လပေါင်း(၃၀)အတွင်း Feasilbiliety Study Report ကို အပြီးသတ် ပြုစုတင်ပြခြင်း၊ တင်ပြနိုင်ခြင်း မရှိပါက (MoU)အား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အပြီးသတ် ဖျက်သိမ်းခြင်း၊ MoU ပါ စည်းကမ်းချက်၊ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သဖြင့်(B.O.T)စီမံကိန်း(၃)ခု ထာခ၊ သကျက်၊ အထက်ဆည်တော်ကြီးအား MoU ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။ (JV/ B.O.T) စီမံကိန်းတစ်ခုအား MoU ဖျက်သိမ်းနိုင်ရေး စီမံဆောင်ရွက် ထားလျက်ရှိပါတယ်။

လက်ရှိ MoU, MoA ပဋ္ဌိညာဉ် (JVA) ထိုးထားသော B.O.T နှင့် JV/ B.O.T စီမံကိန်းဆိုင်ရာအချက်အလက်များကို ဆက်လက်တင်ပြပါ့မယ်။ MoU လက်မှတ်ရေးထိုးပြီးသော စီမံကိန်း(၂၃)ခု၊ MoA လက်မှတ်ရေးထိုးထားသော စီမံကိန်း (၂၆)ခုနှင့် JVA လက်မှတ်ရေးထိုးထားပြီးသော စီမံကိန်း(၃)ခုတို့ဖြစ်ပြီး၊ စီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏကိုလည်း လျော်ကန် သင့်မြတ်သော စီမံကိန်းကုန်ကျစရိတ်ဖြစ်စေရေး၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သော ကုမ္ပဏီများမှ တွက်ချက်တင်ပြလာသည့် စီမံကိန်းကုန်ကျစရိတ်များကို စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ အပေါ် အခြေခံမူတည်၍ ဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် နည်းစနစ်များဖြင့် အသေးစိတ် စိစစ်မှုများပြုလုပ်လျက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးပြီး၊ ယာယီအားဖြင့် အဆိုပြုတန်ဖိုးအဖြစ် သဘောတူ လက်ခံလျက်ရှိပါတယ်။

လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ရေအားလျှပ်စစ်စီမံကိန်းရဲ့ သဘောသဘာဝအရ ရေ၊ မြေမျက်နှာသွင်ပြင်အနေအထား၊ ဘူမိဗေဒ အခြေအနေနှင့် ရာသီဥတုအခြေအနေ စသည်တို့အပေါ် အသေးစိတ် စူးစမ်းလေ့လာပြီး၊ကျွမ်းကျင်

ပညာရှင်များနှင့် နည်းပညာပိုင်းဆိုင်ရာ လစ်ဟင်းမှု မရှိစေရေး စိစစ်ရုံမျှမက စီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုတို့ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ စီမံကိန်းသုံး ကုန်ကြမ်း/ကုန်ချောပစ္စည်း ရရှိနိုင်မှု အပေါ်မူတည်၍ စီမံကိန်း ကုန်ကျစရိတ်အား နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက် အပေါ်မူတည်ပြီး ကျွမ်းကျင်ပညာရှင်များ၏ စိစစ်မှုဖြင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်အောင် စီမံ ဆောင်ရွက်လျက် ရှိပါတယ်။

ဥပမာအနေနဲ့ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်ချောပစ္စည်းရရှိမှု ခက်ခဲသော ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်ရှိ စီမံကိန်းအချို့မှာ စီမံကိန်း ကုန်ကျစရိတ် မြင့်မားနေကြောင်း စိစစ်တွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်ရဲ့ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လျှပ်စစ်လိုအပ်လျက်ရှိသော နိုင်ငံတော်ရဲ့ မဟာဓာတ်အားနှင့် ဆက်သွယ်နိုင်ခြင်း မရှိသေးသော ပြည်နယ်/တိုင်းဒေသကြီးတွင်ရှိ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် ရည်ရွယ်လျက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းလာသည့် အဆိုသည် နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်အဆို ဖြစ်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု (B.O.T) နှင့် နိုင်ငံခြား ကုမ္ပဏီများ၏ အကျိုးတူပူးပေါင်း ရင်းနှီးမြှုပ်နှံမှု (JV/ B.O.T) အစီအစဉ် (၃)ရပ်ဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစေရန် ဟန်ချက်ညီညီ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၉၄)၊ ကန့်ကွက်(၀)၊ ကြားနေမဲ(၀) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario) ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားတဲ့ မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မယ့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၃။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဟားခါးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာအထောက်အကူပြုနိုင်မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍပုံဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူတိုင်းလူတိုင်းဟာ မည်သည့်လုပ်ငန်းမှာအပြင် အသက်မွေးဝမ်းကျောင်းပြုသည်ဖြစ်စေ လျှပ်စစ်နဲ့ မည်သူမှ မကင်းနိုင်သည့်အတွက် လူ့ဘဝ ရဲ့ (၂၄)နာရီ ပတ်လုံး လိုအပ်ချက်ဖြစ်တယ်ဆိုတာကို အကျယ်တဝင့် ရှင်းပြရန်လည်း လိုမယ် မထင်ပါဘူး။ ယနေ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်အခန်းကဏ္ဍဟာ ရှေ့တွင် မည်သို့ ဆက်လက်ပါဝင်သွားမည်ဆိုတာကို လူတိုင်းလူတိုင်းလည်း စိတ်ဝင်စားလျက်ရှိကြတဲ့ အဖြေမဖော်နိုင်သေးတဲ့ မေးခွန်းဆိုရင်လည်း မှားမယ် မထင်ပါဘူးခင်ဗျား။ အဆိုရှင် ကိုယ်စားလှယ်တော်ကြီး အနေနဲ့ လျှပ်စစ်ဝန်ကြီးဌာနမှာ (၁၀)စုနှစ်တစ်စုနီးပါး တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်တဲ့အလျောက် မြန်မာနိုင်ငံရဲ့ လက်ရှိ လျှပ်စစ်အခန်းကဏ္ဍရဲ့ ပကတိဖြစ်ထွန်းနေမှု အခြေအနေကို အသေးစိတ် အချက်အလက်၊ ကိန်းဂဏန်းများဖြင့် ဆွေးနွေးသွားတာ လေ့လာတွေ့ရှိရပါတယ်။ ယခင် အစိုးရလက်ထက်မှာလည်း နိုင်ငံတော်အနေနဲ့ လျှပ်စစ်ကဏ္ဍက ဘယ်လောက်အရေးကြီးတယ်ဆိုတာ မျှော်တွေးသိရှိလို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီး/ငယ်များကို နိုင်ငံတော်ပိုင် ငွေကြေးအရင်းအနှီးဖြင့်လည်းကောင်း၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများဖြင့်လည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီများ၏ တိုက်ရိုက်ပါဝင်ရင်းနှီးမြှုပ်နှံမှုများဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်တဲ့ အထူးစီမံကိန်းများ၊ အကောင်အထည်ဖော်ရေးကော်မတီမှ ခွင့်ပြုချက်များ ချမှတ်ပေးခဲ့တယ်လို့ နားလည်ရပါတယ်။

ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှု(၃)ရပ်အောက်မှာ စီမံကိန်း စုစုပေါင်း (၆၇)ခုရှိတယ်လို့ သိရှိရပါတယ်။ ၎င်း (၆၇)ခုခန့်ရှိတဲ့နေရာမှာ စက်တပ်ဆင်အင်အား (၄၅,၄၀၀)မဂ္ဂါဝပ်ခန့် ရှိနိုင်တယ် လို့လည်း သိရှိရပါတယ်။

ဒီစီမံကိန်းများကိုလည်း နှစ်(၃၀)မဟာဗျူဟာ နှစ်ရှည်စီမံကိန်းများအောက်မှ ကာလတို(၅)နှစ်စီမံကိန်း (၆)ကြိမ်ခွဲပြီး ဆောင်ရွက်မယ်လို့ စီမံလျှာထားခဲ့ပါတယ်။ အဆိုပါ ကာလတို(၅)နှစ် စီမံကိန်း (၆)ကြိမ်မှာ ယခင်အစိုးရလက်ထက်က (၂)ကြိမ်ပြီးခဲ့ပြီးဖြစ်လို့ လက်ရှိ ပြည်ထောင်စု အစိုးရ သက်တမ်းမှစပြီး (၄)ကြိမ်ခွဲ၍ ဆောင်ရွက်ရမယ်လို့ နားလည်ထားပါတယ်။ ကျွန်တော့် အနေနဲ့ လေ့လာမိသမျှ တင်ပြရရင် လက်ရှိ ပြည်ထောင်စုအစိုးရလက်ထက် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလအထိ တစ်နိုင်ငံလုံးရဲ့ စက်တပ်ဆင်အင်အားဟာ ရေအားလျှပ်စစ်မှ (၂၆၆၀) မဂ္ဂါဝပ်၊ ကျောက်မီးသွေးသုံးစက်ရုံမှ (၁၂၀)မဂ္ဂါဝပ်နဲ့ သဘာဝဓာတ်ငွေ့သုံး စက်ရုံများမှ(၇၁၅) မဂ္ဂါဝပ်ခန့် စုစုပေါင်း (၃၄၉၅)မဂ္ဂါဝပ်ခန့်ရှိပြီး နေ့စဉ်ဝန်အား အမြင့်ဆုံး အသုံးပြုချိန်မှာ(၁၆၀၀) မဂ္ဂါဝပ်ဝန်းကျင်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါတွေဟာလည်း ရေလှောင်ကန်များမှ သိုလှောင် ရေများကို နွေရာသီ၌ အပြည့်အဝ အသုံးမချနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ လုံလောက်စွာ မရရှိခြင်း၊ ဓာတ်ငွေ့သုံးစက်ရုံများ၊ အချို့ Hydropower စက်ရုံများတွင် အသုံးပြုနေသော စက်များမှာလည်း သက်တမ်းလွန်နေပြီဖြစ်၍ ချို့ယွင်းမှု များပြားနေခြင်း စတဲ့ အကြောင်းများ ရှိတယ်လို့ သိရှိရပြီး စုစုပေါင်း စက်တပ်ဆင်အင်အားရဲ့ (၅၀)ရာခိုင်နှုန်းကိုပင် ပြည့်အောင် ဓာတ်အားမထုတ်နိုင်တာကိုလည်း ဖြစ်မယ်လို့ ယူဆရပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ရှိနေတဲ့ လိုင်ဗားရေလှောင်တမံ၊ ဆည်မှာလည်း အသုံးပြုနေတဲ့ စက်ကို ကြည့်မယ်ဆိုရင် တရုတ်ပြည်မှ စက်ဖြစ်တဲ့အလျှောက် အခုအချိန်မှာ Model လည်း အောက်ပြီးတော့ ဟောင်းနွမ်း နေပြီဖြစ်၍ စက်စွမ်းအားအပြည့် ထုတ်လုပ်နိုင်စွမ်း မရှိတော့ပါကြောင်း၊ လျှပ်စစ်ဓာတ်အား လည်း ဖြန့်ဝေရာတွင် ဟားခါးမြို့ပေါ်မှာပင် (၃)ညမှ၊ (၁)ညလောက်ပဲ မီးလင်းပြီးတော့ တစ်ညမှာ (၃)၊ (၄)နာရီခန့်သာ ပေးနိုင်တာကိုလည်း သိရှိရပါတယ်။ အခုလို ဓာတ်အားမထုတ်လုပ် နိုင်တဲ့ အပေါ်လည်း အလျှဉ်းသင့်လို့ ထင်မြင်ယူဆချက် တင်ပြရပါလျှင် အမှတ်(၁)နဲ့ အမှတ်(၂) လျှပ်စစ်ဝန်ကြီးဌာန(၂)ခုရှိခဲ့ရာ လျှပ်စစ်ထုတ်လုပ်သည့် အဖွဲ့အစည်းနှင့် ဖြန့်ဖြူးသည့် အဖွဲ့အစည်း(၂)ရပ်အကြား ညှိနှိုင်းပေါင်းစပ်မှု အားနည်းခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သို့သော်

ယနေ့ ဝန်ကြီးဌာနတစ်ခုတည်း ပေါင်းစပ်ဖွဲ့စည်းခဲ့ပြီးလို့ စီမံအုပ်ချုပ်မှု သွက်လက်ပြီး ဓာတ်အား ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့မှာ တိုးတက်လာတော့မယ်လို့ သုံးသပ်လိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်လိုလိုပင် လျှပ်စစ်မလုံလောက်မှုများကို ပြည်သူများ ကြုံတွေ့နေကြတဲ့အလျောက် နေ့စဉ်လိုလိုပင် သတင်းစာ/ဂျာနယ် တစ်စောင်မဟုတ် တစ်စောင်မှာ လျှပ်စစ်ဆိုင်ရာ ဝေဖန်အကြုံပြုချက်များ ထည့်သွင်းဖော်ပြ နေတာ ဖတ်ရှုကြရပါတယ်။ ရေအားလျှပ်စစ်ရဲ့ သဘောသဘာဝမှာ ရင်းနှီးမှုကုန်ကျစရိတ် များပြားပြီး စီမံကိန်း တည်ဆောက်မှု အချိန်ကာလကြာမြင့်ပြီး ပြန်လည်ဓာတ်အား ထုတ်လုပ်ရောင်းချမှု စရိတ်သက်သာတဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်ပါတယ်။ စီမံကိန်း အရွယ်အစားကြီးလေလေ ရင်းနှီး မြှုပ်နှံမှု များပြားပြီး တည်ဆောက်ချိန် ကြာလေလေဖြစ်တဲ့ လုပ်ငန်းသဘာဝ ဖြစ်ပါတယ်။ ဤ အခြေအနေမျိုးမှာ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲ သို့မဟုတ် မဖွံ့ဖြိုးသေးတဲ့ နိုင်ငံအနေနဲ့ ပြည်ထောင်စု အစိုးရရဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေချိန်မှာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက် လာမယ့် အချိန်နှင့် ချိန်ကိုက်ပြီး လိုက်လျောညီထွေရစေရေး အဆိုပါ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သော လျှပ်စစ်သုံးစွဲမှုပဏာမ စိန်ခေါ်လာမှုများကို ရင်ဆိုင်နိုင်ရန် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများ (Large Scale Projects)ကို မဖြစ်မနေ ဆောင်ရွက်ရန်လည်း အထူးလိုအပ်ပါတယ်။

သို့ရာတွင် တစ်ဖက်မှ နိုင်ငံတွင်း ဖွံ့ဖြိုးစ/ဖွံ့ဖြိုးဆဲ စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှု နောက်ကျ နေသော ပြည်နယ်ဒေသများ၊ ပြည်မနှင့် လမ်းပန်းဆက်သွယ်မှု အလှမ်းကွာဝေးတဲ့ ဒေသများနေ ပြည်သူ/ပြည်သားများ၊ နိုင်ငံတော်ဓာတ်အားစနစ် (National Grid) နှင့် ဆက်သွယ်ရန် ခက်ခဲသော ဒေသများအတွက် နိုင်ငံတော်မှ အဆိုရှင်၏ ဆွေးနွေးချက် အကြောင်းအရာပါ အသေးစားရေအားလျှပ်စစ် ဖွံ့ဖြိုးမှုစီမံကိန်းများ ဆောင်ရွက်ရာမှာ လက်တွေ့ကျကျ ကာလတို အတွင်း ပြီးစီးနိုင်တဲ့ အခြေအနေများ ရှိနေသဖြင့် နိုင်ငံတော်မှ အားပေးအားမြှောက် ပြုရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ထုတ်ယူရရှိနိုင်တဲ့ အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ (Small-Scale Hydropower Project) ဆောင်ရွက်ရန်၊ လက်တွေ့ကျကျ ဆောင်ရွက်မယ့် အချိန်ကာလ သတ်မှတ်စီမံ လျှာထားချက် (Implementation Schedule) တို့ဖြင့် တာဝန်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအား တာဝန်ပေးလျက် လိုအပ်

ရန်ပုံငွေကို ဦးစားပေး ခွဲဝေချထားမယ်ဆိုပါက လက်ရှိ ပြည်ထောင်စုအစိုးရသက်တမ်းအတွင်း အောင်မြင်သော အတိုင်းအတာတစ်ခု မုချရရှိမည်ဆိုတာ တင်ပြလိုပါတယ်။ ကျွမ်းကျင်မှု မပါဘဲ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနမှ အထိုက်အလျောက်ပါဝင်၍ ကိုယ့်အားကိုယ်ကိုး သက်သက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါက လိုအပ်သည့် အောင်မြင်မှု အပြည့်အဝရရန် အခွင့်အလမ်း နည်းပါးမယ်ဆိုတာ သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ချင်းပြည်နယ် ကိုယ်စားလှယ်ဖြစ်သည့်အလျောက် ချင်းပြည်နယ်အကြောင်းကို အနည်းအကျဉ်း တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ကျေးရွာပေါင်း (၁၄၀၀)ခန့် ရှိသည့်အနက် ကျေးရွာပေါင်း (၃၀၀)ခန့်သာ လျှပ်စစ်မီးရရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၎င်းကျေးရွာပေါင်း (၃၀၀)ခန့် ကိုလည်း ယခင်အစိုးရမှ ပံ့ပိုးကူညီမှု လုံးဝမရှိပါ။ ကိုယ့်ဒေသ၊ ကိုယ့်ဆွေမျိုးသားချင်း၊ ကိုယ့်သားမယားများကို ထားခဲ့ပြီး၊ ပြည်ပနိုင်ငံများသို့ မိမိဝမ်းစာ၊ မိမိအိမ်ထောင်စု စားဝတ်နေရေး ပြေလည်ရာပြေလည်ကြောင်း မိမိချွေးနဲ့ သွေးနဲ့ အောက်တန်း အလုပ်ကြမ်း အလုပ်ကို လုပ်ကိုင်သော မိမိသား/သမီးတို့ထံမှ မိမိတို့ကျေးရွာ မီးလင်းရေးအတွက် ရန်ပုံငွေရှာဖွေ တောင်းခံစုဆောင်းပြီး ပြည်ပပုဂ္ဂိုလ်အချို့၏ ကျွမ်းကျင်မှု အကူအညီဖြင့် Small-Scale Hydropower Projects များကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့် တည်ဆောက်ခဲ့ကြပါတယ်။ ၎င်းကျေးရွာများဟာ မြို့ပေါ်ထက်တောင်မှ နေ့ရောညပါ မီးလင်းပြီး ပိုမို၍ သာသာယာယာ ရှိတာကို တွေ့ရှိရပါတယ်။

ယခု Small-Scale Hydropower Projects မျိုးဟာ ကျွန်တော်တို့ ချင်းပြည်နယ် သာမက စစ်ကိုင်းတိုင်း၊ ကလေးခရိုင်၊ တမူးခရိုင်အတွင်း ကျေးရွာအချို့မှာရော၊ အခြား တိုင်းနဲ့ ပြည်နယ်များမှာပါ တည်ဆောက်နိုင်တဲ့နေရာ ကျေးရွာများများ ရှိပါကြောင်းကိုလည်း ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်ကိုလည်း တင်ပြတောင်းခံတဲ့ ရွာတွေ ရှိနေပါတယ်။ အကယ်လို့သာ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်ပါက သို့မဟုတ် မိမိကျေးရွာရဲ့ ကိုယ်ထူကိုယ်ထ ရန်ပုံငွေ ထည့်ဝင်ငွေနဲ့ နိုင်ငံတော်မှ ရာခိုင်နှုန်းအချို့ကို ကူညီပံ့ပိုးပေးမယ်ဆိုပါက ကျေးရွာရာခိုင်နှုန်း များများမှာ လျှပ်စစ်ဓာတ်အားရရှိနိုင်ကြောင်းကို တင်ပြဆွေးနွေးလိုပါတယ်။ အဲဒါမှ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးမှာ လျှပ်စစ်ဓာတ်အား ရရှိမယ် ဆိုပါက ပိုမိုလျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးနိုင်မယ်လို့ ထင်မြင်ယူဆရပါတယ်။

တစ်ဆက်တည်း တင်ပြဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ တည်ဆောက်ပြီးသော ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အား စက်ရုံငယ်များကို ရေရှည် တည်တံ့ခိုင်မြဲအောင် အစိုးရမှကျွမ်းကျင်မှုပညာရပ်ပိုင်းဆိုင်ရာ ဝန်ထမ်းကိုပါ မြို့နယ်တွင် ဝန်ထမ်းခန့်ထားပေးပြီး ကျေးရွာများ၏ လျှပ်စစ်ဓာတ်အား မီးလင်းရေးကိုပါ အစိုးရမှ တာဝန်ယူပြုပြင်ပေးနိုင်မှသာ ပိုမို၍ ရေရှည်အတွက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ လျှပ်စစ် ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှု အစီအစဉ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြ အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ။** ။ အခု (၁၅) မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၂၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၄း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၅။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)** ။ ။ ချစ်ခင်လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးကျန်းမာရှင်လန်းကြပါစေလို့ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ၏လျှပ်စစ်ဖွံ့ဖြိုးမှုမြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစားရေအား လျှပ်စစ်ကဏ္ဍပုံဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နှင့်အတူ နိုင်ငံသားအားလုံး အထူးသဖြင့် ကျွန်မတို့ရဲ့ ပြည်နယ်လူထုအားလုံးဟာ နိုင်ငံတော်ကြီးလျှပ်စစ်ဖွံ့ဖြိုးတိုးတက်လာပြီး လျှပ်စစ်အခွင့်အလမ်း ကို တမ်းတ ခံစားလိုကြတယ်ဆိုတာ အထူးဆွေးနွေးရန်မလိုပါလို့ တင်ပြလိုပါတယ်။ ယခင် အစိုးရလက်ထက်မှာရော ယခုအစိုးရ လက်ထက်မှာပါ သတင်းများထဲမှာ လျှပ်စစ်ဖွံ့ဖြိုးဖို့ အတွက်ရေတို၊ရေရှည်စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်မည့် ကိစ္စရပ်များဖော်ပြပါရှိလာတိုင်း အလွန်စိတ်ဝင်စားကြပြီး အိပ်မက်များ လက်တွေ့အကောင်အထည် ပေါ်လာစေရန် မျှော်လင့်ချက်ကြီးမားစွာနဲ့ စောင့်စားလာခဲ့ကြရပါတယ်။

ရေအားလျှပ်စစ်စီမံကိန်းများကို ကာလတို (၅)နှစ် စီမံကိန်းများ ချမှတ် ဆောင်ရွက်ခဲ့ရာ ၂၀၁၀-၂၀၁၁ခုနှစ်ကုန်ဆုံးချိန်မှာ ကာလတို(၅)နှစ် (၂)ကြိမ်ပြီးစီးခဲ့ပြီးနောက်၊ စီမံကိန်း သစ်များအပါအဝင် ယခင်ရေအားလျှပ်စစ် စက်ရုံများ စက်တပ်ဆင်အင်အား လျှာထားချက်ရဲ့ (၃၁)ရာခိုင်နှုန်းခန့်နဲ့ လက်ရှိ အစိုးရသစ် သက်တမ်း ၂၀၁၅-၂၀၁၆ ခုနှစ် ကုန်ဆုံးချိန်မှာ

လျှာထားတဲ့ စုစုပေါင်းစက်တပ်ဆင်အင်အားရဲ့ (၃၀)ရာခိုင်နှုန်း အသီးသီးရှိနိုင်ကြောင်း အဆိုရှင် တင်ပြချက်အရ သိရှိရပါတယ်။ မျှော်မှန်းလျှာထားချက်နဲ့ လက်တွေ့တို့ လွန်စွာ ကွာခြားကြောင်းလည်း တွေ့ရပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ စက်မှုကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ကျောက်မီးသွေး၊ သံရိုင်း၊ သတ္တုစသည်ဖြင့် အမြောက်အမြားရှိနေသည်သာက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက်လည်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့အခြေအနေ နေရာအနှံ့အပြားမှာ တွေ့ရှိရပါတယ်။ အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်မယ်ဆိုရင် မြန်မာနိုင်ငံဟာ အခြားသောနည်းလမ်းများအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် အခွင့်အလမ်းများစွာရှိနေသော်လည်း လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု အနည်းဆုံး ဖြစ်နေတာကို တွေ့ရပါတယ်။ စက်မှုထုတ်ကုန်လုပ်ငန်းများ တိုးတက်လာတာနဲ့အမျှ လျှပ်စစ်ဓာတ်အား လိုအပ်ချက်လည်း ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား အလုံအလောက် ဖြန့်ဖြူးမပေးနိုင်မှုဟာ စက်မှုဇုန်များ ဖွံ့ဖြိုးလာစေရေး၊ စက်မှုကုန်ထုတ် လုပ်ငန်းများ တိုးတက်လာစေရေးအတွက် အဓိကအခက်အခဲ ဖြစ်နေပါတယ်။

များပြားလာသော ပြည်တွင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ထားသော လေ့လာချက်အရပင် မထုတ်လုပ်ရသေးသော ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အရင်းအမြစ်များများစွာ ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ ယခုလက်ရှိမှာရေအားလျှပ်စစ် ထုတ်လုပ်နေသော အနေအထားမှာ အရင်းအမြစ်များ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ အသုံးပြုနေသေးသည် ဆိုသော ကြောင့် ကုန်ကျစရိတ်သက်သာသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ဆက်လက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်သင့်ပြီး၊ ဆောင်ရွက်မှုများမှာလည်း သဘာဝပတ်ဝန်းကျင်မပျက်စီးရလေအောင် သင့်လျော်သော စစ်ဆေးမှုများ ဆောင်ရွက်ပြီးတိုးခဲ့ လုပ်ဆောင်သွားသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လက်ဝယ်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အကျိုးတူပူးပေါင်းဆောင်ရွက်ရန်၊ ရေအားလျှပ်စစ်၊ ကျောက်မီးသွေးသုံးစက်ရုံ စီမံကိန်း စုစုပေါင်း(၆၂)ခုခန့်နဲ့ စက်တပ်ဆင်အင်အား (၄၂၄၀၀) မဂ္ဂါဝပ်ခန့် ရှိနေကြောင်း လေ့လာသိရှိရပါတယ်။ ကျွန်မတို့ နိုင်ငံသူ/နိုင်ငံသား အားလုံး ရေအားလျှပ်စစ်

စီမံကိန်းကြီးများကို နားယဉ်နေခဲ့သည်မှာ ကာလအတော်ကြာညောင်းခဲ့ပြီလို့ တင်ပြလိုပါတယ်။ ဥပမာဆိုရရင် စောစောက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း တင်ပြသွားသလို ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ လွန်ခဲ့တဲ့(၁၀)နှစ်ကျော် ကာလတည်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံ ကုမ္ပဏီတစ်ခုတို့က နောက်ဆုံးအဆင့် ပဋ္ဌိညာဉ် စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီးတဲ့ စက်တပ်ဆင်အင်အား (၇၁၁၀)မဂ္ဂါဝပ်ရှိတဲ့ တာဆန်းရေအားလျှပ်စစ်စီမံကိန်းဟာ ယနေ့ထက်တိုင် တည်ဆောက်မှုလုပ်ငန်းများ စတင်နိုင်ခြင်း မရှိသေးတာကို သိရှိရပါတယ်။

လေ့လာသိရှိရသမျှ တင်ပြရမယ်ဆိုရင် အဆိုပါ တာဆန်းစီမံကိန်း အကောင်အထည်ဖော်ရန် စာချုပ် ချုပ်ဆိုခဲ့တဲ့ ထိုင်းနိုင်ငံမှ ကုမ္ပဏီနဲ့ အဆင်မပြေခဲ့လို့ မူလစီမံကိန်းနေရာကိုပင်ပြောင်းရွှေ့ခဲ့ပြီး အထက်သံလွင် မိုင်းတုံရေအား လျှပ်စစ်စီမံကိန်းအဖြစ် နားလည်မှုစာချွန်လွှာ (MoU)ကို ၂၀၁၀ပြည့်နှစ်အတွင်းက ထိုင်းနိုင်ငံအစိုးရကုမ္ပဏီနဲ့ တရုတ်ကုမ္ပဏီတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြတယ်လို့ သိရှိရပါတယ်။ ၄င်းအပြင် ကျွန်မတို့ ကရင်ပြည်နယ် အတွင်းသံလွင်မြစ်ပေါ်မှာပဲ စက်တပ်ဆင်အင်အား (၁၃၆၀)မဂ္ဂါဝပ်ရှိ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နိုင်ရန် ဖော်ပြပါ ထိုင်းကုမ္ပဏီနဲ့ အခြားတရုတ်ကုမ္ပဏီတစ်ခုတို့ သဘောတူညီချက်စာချွန်လွှာ (MoA)ကို ၂၀၁၀ပြည့်နှစ် အတွင်းက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါတယ်။ သို့ရာတွင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အသေးစိတ် အချက်အလက်များ စုဆောင်းလျက်ရှိတယ်လို့သာ သိရှိရပြီး လက်တွေ့ကွင်းဆင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်းသိရှိရပါတယ်။ ဖော်ပြပါစီမံကိန်းကြီးများဟာ ကြီးမားသည့်အလျောက် ရင်းနှီးမြှုပ်နှံရမှု ကုန်ကျစရိတ်လည်း ကြီးမားလှကြောင်းသိရှိရပါတယ်။ တည်ဆောက်ချိန် ကာလဟာ ယခုအချိန်မှစတင်လို့အဖက်ဖက်မှပံ့ပိုးမှုဖြင့် အရှိန်မြှင့်လုပ်ကိုင်နိုင်ပါမှနောင်(၁၀)နှစ်ဝန်းကျင်တွင်သာ လျှပ်စစ်မီးထွက်ရှိမည့် အလွန်မြန်ဆန်သော စီမံကိန်း များဖြစ်ပါမယ်။ ကျွန်မတို့ပြည်နယ်ဒေသမှာကဲ့သို့ အခြားဒေသများမှာလည်း အလားတူ စီမံကိန်းများ ရှိကြမှာဖြစ်လို့ အဆိုပါစီမံကိန်းများကို နိုင်ငံထူထောင်ရေးအတွက် လက်ရှိ ပွင့်လင်းလာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအရှိန်အဟုန်ဖြင့်ဆောင်ရွက်လာချိန်မှာ ဟန်ချက်ညီညီလျှပ်စစ်လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း မလွဲမသွေလျှာထား လုပ်ဆောင်ရမှာကို နားလည်သဘောပေါက် ကြပါတယ်။ အဆိုရှင် ဦးမျိုးမြင့်၏ မီးမောင်းထိုး ဖော်ပြချက်များအရ

အကြီးစားရေအားလျှပ်စစ်စီမံကိန်းကြီးများကို ရေရှည် (Long Term) ရည်မှန်းလုပ်ဆောင်ရန် လိုအပ်သည့်နည်းတူ မြန်မာနိုင်ငံရဲ့ ပေါကြွယ်ဝတဲ့ ရေအားလျှပ်စစ် အရင်းအမြစ်များအား ထုတ်ယူအသုံးပြုတဲ့ အသေးစားရေအားလျှပ်စစ် စီမံကိန်းများ (Small-Scale Hydropower Project)ကို ရေတို (Short Term) ရည်မှန်းချက် စီမံကိန်းများအဖြစ် လုပ်ဆောင်ရန် လိုအပ်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှာရှိတဲ့ အသေးစားရေအားလျှပ်စစ်လုပ်ငန်းများ အပြင် ကျွန်မတို့ ကရင်ပြည်နယ်အတွင်း စူးစမ်းလေ့လာပြုစုချက်များအရ (၁)(၂)(၅)(၁၀) မဂ္ဂါဝပ်အသီးသီးရှိကြတဲ့ စီမံကိန်းလုပ်ငန်းငယ်ပေါင်း(၁၀)ခုလောက် ရှိတယ်လို့လည်း သိရှိရပါတယ်။ ဥပမာ လှိုင်းဘွဲ့မြို့နယ်၊ပိုင်ကျုံမြို့နယ်ခွဲရဲ့ မြောက်ဘက် (၁၀)မိုင်ခန့်အကွာ ဗျိုင်းချောင်းပေါ်မှာ တည်ဆောက်မဲ့ ဗျိုင်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ထုတ်နုတ်ပြလိုပါတယ်။ ၄င်းစီမံကိန်းကို လက်တွေ့ကျကျ အဘက်ဘက်မှ ပုံပိုးပါက စီမံကိန်းအသီးအပွင့်များကို လက်ရှိအစိုးရသစ်သက်တမ်းအတွင်း ပြည်နယ်လူထုမှ ခံစားနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ကျေးလက်ဒေသများအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small-Scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ရှင့်။

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီအဆိုကို ရှုံးသည်ဖြစ်စေ၊ အောင်သည်ဖြစ်စေ ကျွန်တော် ပြည်ထောင်စုအစိုးရကို အကြံပြုချင်လို့ ဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ တော့ ဒီချောင်း၊ မြောင်း၊ မြစ် ၊ ချောင်းမြောင်းတွေ ပေါပြီးတော့ ဒီလို Small-scale Hydropower လုပ်နိုင်မယ့် ဒီနေရာတွေ တော်တော်များပါတယ်။ ကျွန်တော်တို့ မဏိပူရမြစ်ကို ကြည့်မယ် ဆိုရင်လည်း ကျွန်တော်တို့ ဒီ သူ့ရဲ့ မြစ်ကမ်းမှာ သူက တောင်ကမ်းပါးတွေပဲ ဖြစ်တဲ့အတွက်ကြောင့် ဒီ Hydropower လုပ်လို့ရှိရင် ဘယ် သဘာဝပတ်ဝန်းကျင်မှ ပျက်စီးစရာ မရှိဘူး။ ပြီးတော့ဘယ်ရွာမှလည်းမထိခိုက်ဘူး။ ဘယ်သူ့ရဲ့ လယ်ကွင်း၊ တောင်ယာမြေတွေလည်း မထိခိုက်ဘဲနဲ့ ဒီ လွတ်လွတ်လပ်လပ် လုပ်နိုင်တဲ့နေရာတွေ တော်တော်များပါတယ်ဆိုတာကို ကျွန်တော် တင်ပြ လိုပါတယ်။

ဥပမာပြောရမယ်ဆိုရင် ကျွန်တော်တို့ချင်းပြည်နယ်မှာ အခုလက်ရှိ လုပ်ရန် ကြိုးစား နေတဲ့ ကလေးဘက်ကနေ Dam ကနေ တစ်ခုသာမကဘဲ ဖလမ်း ဗားရ်တံတားအထက်မှာ တစ်ခု ရေလျှောင်တမံလုပ်မယ်။ အလုပ်လည်းရတယ်။ ပြီးတော့ တီးတိန် - တွန်းဇံဘက်ကနေ ဒီ အဲဒီလိုမျိုး ထပ်ဆင့် ထပ်ဆင့် ထပ်ကာရင်လည်း မဂ္ဂါဝပ်တွေ တော်တော်များများ ထွက်နိုင် မယ်လို့ ယူဆပါတယ်။ အလားတူပဲ ဒီ ကျွန်တော်တို့ ချောင်းကြီးတွေလည်း တော်တော် ပေါပါတယ်၊ ချင်းပြည်နယ်မှာ။ ဒီလိုမျိုးနေရာမှာ Small-scale Hydropower တွေရေလျှောင် တမံတွေ လုပ်ပေးပြီးတော့ ကျွန်တော်တို့ ရေအားလျှပ်စစ်ထုတ်ဖော်လို့ ရပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာလုပ်ရင်တော့ သဘာဝပတ်ဝန်းကျင်လည်း မပျက်စီးဘူး။ ဒီအထိအခိုက် အပျက်အစီးနည်းနည်းနဲ့ လုပ်လို့ရတဲ့နေရာတွေများပါတယ်ဆိုတာကို ကျွန်တော် တင်ပြလို ပါတယ်။ ဒီအခြေခံဥပဒေမှာ ကြည့်မယ်ဆိုရင်တော့ အသေးစားလျှပ်စစ် ဓာတ်အားလုပ်ငန်း ကတော့ ဒီဇယား(၂)အောက်မှာ အလတ်စားနဲ့ အသေးစားဟာ ရှိနေတာကို တွေ့ရပါတယ်။ သို့သော်လည်း အားလုံးကို ခြုံငုံပြီးတော့ လေ့လာမယ်ဆိုရင်တော့ ပြည်ထောင်စု အစိုးရက ပြည်နယ်တွေအတွက် မူဝါဒတွေကိုလည်း ချမှတ်နိုင်တဲ့အကြောင်း ပြီးတော့ ပြည်နယ်အစိုးရက လည်း ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်တဲ့ အကြောင်းကို ဖွဲ့စည်းပုံစာမှာ တွေ့ရပါတယ်။

ဒီပုဒ်မ ၂၂၅ မှာဆိုရင်လည်း ဒီ ပြည်ထောင်စု အစိုးရသည် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က လည်းကောင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ထိရောက် အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်လို့ ဆိုထားပါတယ်။ ပြီးတော့ အခြေခံဥပဒေပုဒ်မ ၂၅၁ မှာလည်း ဒီမူဝါဒတွေ ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများလို့ ရေးပါတယ်။ အဲဒါကို ဒီ ပြည်ထောင်စုအစိုးရက ပြည်နယ်အစိုးရတွေအတွက် မူဝါဒတွေ ချမှတ်ပေးလို့ရတယ် ဆိုတာ ကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

နောက်ပြီးတော့ ပုဒ်မ ၂၅၉ မှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သည် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဆိုတာမျိုးလည်း တွေ့ရပါတယ်။ ပြီးတော့ အလားတူ ခုန ပြည်နယ်အစိုးရ ပုဒ်မ ၄၄၅ တို့မှာဆိုရင်လည်း ပြည်နယ်အစိုးရကလည်း ပြည်ထောင်စုနဲ့ Join ပြီးတော့ လုပ်လို့ရတယ်။ ဖက်စပ်တွေနဲ့လည်း လုပ်လို့ရတယ်ဆိုတာမျိုးကိုလည်း တွေ့ရပါတယ်။ အဲဒါကြောင့် ဒီအဆိုက တော်တော်လေးဒါ အခြေခံ တချို့တွေကပြောတယ်၊ ဒါ အသေးစားနဲ့ အသေးစားက ပြည်နယ်အစိုးရအောက်မှာပဲရှိတယ်လို့ ပြောပေမယ့် ကျွန်တော်တို့ ပြည်ထောင်စု အစိုးရနဲ့ ပေါင်းစပ်ပြီးတော့ လုပ်လို့ရပါတယ်။ ဒါ ဒီအဆိုဟာဆိုရင်လည်း တော်တော်လေး လျော်ကန်သင့်မြတ်တဲ့အဆိုဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၆။**

**ဒေါက်တာမြင့်ကြည်၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာသော ပြည်ထောင်စုအစိုးရ ဝန်ကြီးများ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်း မဲဆန္ဒနယ် အမှတ်(၆) ဦးမျိုးမြင့် ရဲ့ မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှုမြန်ဆန်စွာ အထောက်အကူပြုနိုင်မည့်

အသေးစားရေအားလျှပ်စစ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးမျိုးမြင့် တင်ထားတဲ့ ဒီ Small-scale Hydropower Development Scenario ဆိုတာကတော့ ခုနတုန်းက ပြောတဲ့ အကြီးစားတွေနဲ့ မတူပါဘူး။ ဒါတွေကတော့ Home Industry လို အသေးစား စက်မှုလုပ်ငန်းလေးတွေ တစ်နည်းအားဖြင့် ကျွန်တော်တို့ ရပ်ကွက်ကျေးရွာ မီးလင်းရေး ကိစ္စတွေမှာ ပိုပြီးတော့ အသုံးတည့်မယ့် သဘောမျိုးဖြစ်ပါတယ်ဆိုတာ ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ တိုင်းနဲ့ပြည်နယ်တွေကို ပြန်ပြီးတော့ ကြည့်လို့ရှိရင် ရှမ်း၊ ကချင်၊ ကရင်၊ ကယား နောက်ပြီးတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း စသည်အားဖြင့် အဲဒီတိုင်းဒေသကြီးတွေမှာ လေ့လာထားတဲ့ တွေ့ရှိချက်များအရ ကျွန်တော်တို့ မဂ္ဂါဝပ် (၂၀၀၀)ကျော်အထိ ထုတ်ယူသုံးစွဲနိုင်တယ်ဆိုတာ တွေ့ရပါတယ်။ ကရင်ပြည်နယ်ဆိုရင် မဂ္ဂါဝပ် သောင်းကျော် ဒါ ထုတ်ယူ သုံးစွဲနိုင်တယ်ဆိုတာ တွေ့ရှိရပါတယ်။ ရှမ်းကတော့ (၇၀၀၀)ကျော်လောက် ဒါ ကျွန်တော်လေ့လာတဲ့အခါမှာ တွေ့ရှိရပါတယ်။

ခုနတုန်းက ချင်းပြည်နယ်တို့ ဘာတို့ကတော့ (၁၀၀၀)လောက်ပဲရှိပါတယ်၊ သူတို့ သုံးစွဲနိုင်တာ။ သို့သော် သူတို့ ထုတ်ပြီးတော့ သုံးနိုင်တဲ့နေရာတွေကတော့ (၂၁)နေရာ လောက်ပေါ့။ သူကလည်း ဒါ ချောင်း၊ မြောင်း၊ အင်း၊ အိုင်လေးတွေ၊ တောင်ကျရေလေးတွေ၊ စမ်းလေးတွေရှိတာနဲ့ တူပါတယ်။ ရှမ်းပြည်နယ်ဆိုရင်တော့ (၈၂)နေရာလောက် စသည်အားဖြင့် အဲဒီလို ဒီဟာလေးတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ ဆွေးနွေးလိုတာကတော့ Small-scale ဆိုတော့ ဒါ ဦးမျိုးမြင့် တို့လည်းပဲ လျှပ်စစ်ဌာနကနေပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် ကျွန်တော်တို့လည်းပဲ မေးကြည့်ပါတယ်။ Small-scale ဟာ ဘယ်အဆင့်အထိ ကျွန်တော်တို့က Small-scale လို့ ခေါ်မှာလဲ။ ဆိုတော့ (10) မဂ္ဂါဝပ်ထက် နည်းတဲ့ဟာကို ကျွန်တော်တို့က ဒါကို အသေးစားရေအားလျှပ်စစ်လုပ်ငန်းဆိုပြီးတော့ သတ်မှတ်မယ်ဆိုတဲ့ သဘောမျိုးတွေ ရှိတယ်လို့ ကျွန်တော် သိရှိရပါတယ်။ အဲဒီတော့ သူ့ထက်လည်းပဲ ငယ်နိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီမှာ ဆွေးနွေးတဲ့အခါမှာ အသေးစားဆိုတာ အဲဒီအပိုင်းကို ခုနတုန်းက ဒါ ဦးတည်ပြီးတော့ သွားမှာပါ။ စက်ရုံကြီးတွေ အကြီးကြီးတွေ ကျွန်တော်တို့

တည်ဆောက်ဖို့အတွက်ကတော့ ဒီအသေးစားရေအားလျှပ်စစ်နဲ့မဖြစ်ပါဘူး။နောက် အသေးစားလျှပ်စစ်က အဓိကအားဖြင့်တော့ ကျွန်တော်တို့က ရေအား၊ ရေအားဆိုတာ ရေကနေ ဖိချလိုက်မယ်၊ ဖိချလိုက်လို့ရှိရင် တစ်နည်းအားဖြင့် သံလိုက်စက်ကွင်းထဲမှာ ကွိုင်ကသွားပြီးတော့ လည်မယ်။ ဒါ ကျွန်တော်တို့ သီအိုရီအရဆိုရင် ကွိုင်ကလည်မယ်။ လည်ရင် လျှပ်စစ်ထွက်တာပဲ။ စက်ဘီးဘေးနားမှာ ထည့်ထားတဲ့ ဒိုင်နမိုလိုပါပဲ စက်ဘီးဘေးနားမှာ လည်သွားတယ် ထိပ်ဖူးလေးလည်တယ်။ လည်ရင် ကျွန်တော်တို့ မီးသီးလင်းသလို။ ဒါက ကြည့်လိုက်လို့ရှိရင် သိပ်ပြီးတော့ ခဲယဉ်းတဲ့ ကိစ္စတော့ မဟုတ်ဘူး။

သို့သော်လည်း ဆောင်ရွက်တဲ့အခါမှာတော့ ကျွမ်းကျွမ်းကျင်ကျင်နဲ့ နည်းနည်းလေးခက်ခက်ခဲခဲ လက်ဝင်တဲ့ကိစ္စလို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ အသေးစိတ်ကလေးတွေ ပါမယ့်အတွက်ကြောင့်၊ အဲဒီတော့ ရေအားလျှပ်စစ် အသေးစားတွေကို လုပ်တဲ့အခါကျရင် ခုနတုန်းက လိုအပ်တဲ့ ပစ္စည်းပစ္စယ အရည်အသွေးဟာ ကောင်းဖို့ လိုပါတယ်။ ခုနတုန်းကလည်းပဲ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတာ သူတို့ ပြည်နယ်မှာ အခု လျှပ်စစ်ကမီးက မှိတ်တုတ်မှိတ်တုတ် ဖြစ်ပါပြီဆိုတာ သူတို့ သုံးထားတဲ့ ခုန Hydropower ရဖို့ သုံးထားတဲ့ဟာက Quality အရည်အသွေး မမီလို့ ဖြစ်ပါလိမ့်မယ်။ အရည်အသွေးကောင်းဖို့ ဒီဟာတွေဟာ လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့က စမ်းချောင်းရှိတဲ့နေရာတွေ အခုဆိုရင် ပင်လယ်ကမ်းစပ်တွေမှာဒါတွေလည်းပဲအသေးစားလေးတွေ ဆောင်ရွက်ပြီးတော့ လယ်တွေ၊လယ်ကွင်းထဲမှာကအစတာချို့နိုင်ငံတွေမှာ ဒါတွေအသေးစားလေးတွေ သုံးနေပါတယ်။

ကျွန်တော်တို့ သီရိလင်္ကာလို နေရာမျိုးမှာဆိုရင်လည်းပဲ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀)ကျော်၊ (၃၀)ကတည်းက ဒီ အသေးစားကို တော်တော်များများ သူတို့ အသုံးချပါတယ် လျှပ်စစ်ကလေးတွေ။ ယူနက်စကိုကလည်း သူတို့ အကူအညီပေးတယ်ဆိုတာ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ဒီဟာနဲ့အတူ သွားမှာကတော့ ကျွန်တော်တို့က လျှပ်စစ်ထွက်ရုံတင်မဟုတ်ပါဘူး။ ထွက်လာပြီဆိုရင် တစ်နည်းအားဖြင့် ပြန်ပြီးသုံးဖို့ဆိုရင် ဒီစွမ်းအင်ကို ကျွန်တော်တို့က ပြန်စုရမှာပါ။ ဒါက နည်းပညာပိုင်းဆိုင်ရာ ပြန်စုမယ်။ ပြန်စုပြီးတော့မှ ကျွန်တော်တို့ ပြန်ထုတ်ပြီးတော့ သုံးရမယ့် သဘောရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာတွေကို ကျွန်တော်တို့နိုင်ငံမှာ အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်တဲ့အခါမှာတော့ ဘက်စုံသေသေချာချာ ကျွမ်းကျင်တဲ့ ကျွန်တော်တို့ ပညာရှင်များနဲ့ ညှိနှိုင်း ဆောင်ရွက်ပြီးတော့ ညှိနှိုင်းပြီးတော့ အကောင်အထည်ဖော်ဖို့လိုမယ် ဆိုတာလည်း ကျွန်တော့် အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ နောက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခုန ကျွန်တော် တင်ပြဆွေးနွေးခဲ့သလိုပဲ တော်တော်များများနေရာတွေမှာ စွမ်းအင်က ရနိုင်တဲ့ အတွက်ကြောင့် ဒါကို အမြန်ဆုံးအနေနဲ့ ကျွန်တော်တို့ အကောင်အထည်စီမံကိန်း စီမံချက်တစ်ခု အနေနဲ့ ထားပြီးတော့ ဖိဖိစီးစီးနဲ့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ မကြာခင် လျှပ်စစ်က ပိုပြီးတော့ ပြည့်ဝစွာနဲ့ ရလာနိုင်မယ်ဆိုတာ ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ။** ။ ဗိုလ်မှူးမြင့်စိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၅း၀၂။**

**ဗိုလ်မှူးမြင့်စိုး (တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော် ကြီးများကို မဂ်လာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၉၈၆ ဗိုလ်မှူးမြင့်စိုး ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံရဲ့လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင် မည့် အသေးစား ရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ်ကို လက်တွေ့ကျကျ အကောင် အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆိုအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို အချိန်ကို ငဲ့ကွက်သော အားဖြင့် ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် ခွင့်တောင်းခံ အပ်ပါတယ်။

အဆိုရှင်အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍကို အချိန်တိုတိုအတွင်း ဖွံ့ဖြိုးတိုးတက် စေရေး၊ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် နည်းစွာနဲ့ မြန်မာနိုင်ငံအနှံ့ ဖွံ့ဖြိုးမှု နှေးကွေးနေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ၊ နိုင်ငံတော် ဓာတ်အားစနစ်နဲ့ အလှမ်းဝေးနေတဲ့ ဒေသတွေမှာ

နေထိုင်နေတဲ့ တိုင်းရင်းသားအားလုံးရဲ့ လူမှုစီးပွားဘဝတွေ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကို တင်သွင်းသွားတာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဓာတ်အားထုတ်လုပ်မှုအပိုင်းမှာ တခြားနိုင်ငံများနဲ့ နှိုင်းယှဉ်လျှင် များစွာနည်းပါးနေသေးတဲ့အပြင် အကြောင်းမျိုးမျိုးကြောင့် ဓာတ်အားလေလွင့် ပျောက်ဆုံးမှုများ ကလည်း (၂၀)ရာခိုင်နှုန်းခန့် ရှိနေတဲ့အတွက် အမြန်ထိရောက်စွာ ကုစားနိုင်ဖို့ လိုနေပြီဖြစ်ပါ ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ အဆိုရှင် တင်ပြသွားသလို စီမံကိန်းကာလ အလိုက် ပြီးစီးလာမယ့် ဓာတ်အားပေးစက်ရုံများက ထွက်ရှိလာတဲ့ ဓာတ်အားတွေကို မဟာဓာတ်အား လိုင်းများကနေတစ်ဆင့် စွမ်းအားပြည့် အချိန်မီပို့လွှတ်နိုင်ဖို့အတွက် လိုအပ်နေတဲ့ မဟာ ဓာတ်အားလိုင်းတွေနဲ့ ဓာတ်အားခွဲရုံတွေကို အချိန်ကိုက် တည်ဆောက် ပြီးစီးနိုင်ဖို့လည်း အမှန်တကယ်လိုအပ်လှပါတယ်။ အချိန်တိုအတွင်း အမှန်တကယ်ဦးစားပေးရန် လိုအပ်တဲ့ စီမံကိန်းများကို အဆင့်အလိုက် ဦးစားပေး အမြန်ဆုံး တည်ဆောက်ရမှာဖြစ်ပြီး လိုအပ်မယ့် ဘဏ္ဍာငွေကို တွက်ချက်တင်ပြတောင်းခံလျက် ထိရောက်စွာ ခွဲဝေသုံးစွဲသွားသင့်ပါတယ်။

မြန်မာနိုင်ငံမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ အသေးစားရေအားလျှပ်စစ် အကောင်အထည်ဖော်နိုင်ရန် အလားအလာကောင်းတဲ့ စီမံကိန်းပေါင်း (၂၄၉)ခု ရှိနေကြောင်း သိရတဲ့အတွက် အဲဒီစီမံကိန်းများကို အချိန်တိုအတွင်း စီမံချက်ချ အကောင်အထည်ဖော်နိုင်ခဲ့ မယ်ဆိုရင် နိုင်ငံတော်ဓာတ်အားစနစ်နဲ့ အလှမ်းဝေးကွာနေပြီး ဖွံ့ဖြိုးမှုနှေးကွေးနေတဲ့ ဒေသတွေမှာရှိတဲ့ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာပြီး တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝမြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ယုံကြည်မိ ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ထမ်းဆောင်ကြရာမှာ မြန်မာနိုင်ငံတစ်ဝန်း နယ်စပ်ဒေသပါမကျန် ရောက်ရှိခဲ့ကြပါတယ်။ ဒီလို ရောက်ရှိရာမှာ အချို့သော တောင်ပေါ်ဒေသအပါအဝင် ကျေးရွာအချို့မှာ သဘာဝအရင်းအမြစ် ဖြစ်တဲ့ ရေကို အသုံးပြုကာ တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ကိုထုတ်ယူအသုံးပြုနေတာကို တွေ့ရှိခဲ့ရပါတယ်။ အချို့ကျေးရွာဒေသများမှာ အသေးစားရေအားလျှပ်စစ်ထုတ်ယူဖို့ သဘာဝအရင်းအမြစ်တွေ

ရှိပေမယ့်လည်း ငွေအင်အားနဲ့ နည်းပညာပိုင်း အားနည်းလို့ မလုပ်နိုင်ကြတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒါကြောင့် အသေးစားရေအားလျှပ်စစ် မထုတ်လုပ်နိုင်၊ မတည်ဆောက်နိုင်သေးတဲ့ဒေသတွေမှာ အိမ်သုံးတစ်ပိုင်တစ်နိုင်ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမှု၊ နည်းပညာနဲ့ ငွေကြေးထောက်ပံ့မှုများ စီမံချက်ချ ဆောင်ရွက် ပေးသင့်ပါတယ်။

ဒီနေရာမှာ အလျှဉ်းသင့်လို့ ထပ်မံတင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့အသုံးပြု ဓာတ်အားပေးစက်ရုံများနဲ့ ဒီဇယ်စက်သုံးဆီအသုံးပြုစက်ရုံများ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသော်လည်း လုံလောက်မှု မရှိသေးတဲ့အတွက် သဘာဝစွမ်းအင်သယံဇာတတစ်ခုဖြစ်တဲ့ ကျောက်မီးသွေးကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးဖို့အတွက်လည်း ဆောင်ရွက်သင့်ကြောင်း အကြံပြု ဆွေးနွေး လိုပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုအနေနဲ့ တစ်နိုင်ငံလုံးဓာတ်အားထုတ်လုပ်မှုရဲ့(၃)ရာခိုင်နှုန်းခန့်သာရှိကြောင်း မှတ်တမ်းများ အရသိရှိရပါတယ်။ ကမ္ဘာပေါ်မှာကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ကမ္ဘာ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရဲ့ (၄၁)ရာခိုင်နှုန်းခန့် ရှိကြောင်း World Coal Association ရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်မီးသွေး ထွက်ရှိနိုင်တဲ့ အရင်းအမြစ်ပေါင်း (၆၂)နေရာ ရှိကြောင်း သိရှိရပါတယ်။

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့အချက်များရှိတဲ့အတွက် နိုင်ငံတော်အနေနဲ့သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချနိုင်ရန်နဲ့ စွမ်းအင်ရရှိမှု စွမ်းဆောင်ရည် တိုးမြင့်လာစေရန် အဆင့်မြင့်နည်းပညာများ ရယူဆောင်ရွက်သင့်ပါတယ်။ ကျောက်မီးသွေးလောင်ကျွမ်းရာမှရရှိသော ကျောက်မီးသွေးပြာမှာ ဘိလပ်မြေဆန်သော ဂုဏ်သတ္တိရှိပြီး ကွန်ကရစ်ဖျော်စပ်ရာတွင် တစ်စိတ်တစ်ဒေသ အစားထိုးထည့်သွင်းအသုံးပြုပါက မျှားစွာ အကျိုးရှိကြောင်း လေ့လာချက်အရ သိရှိရပါတယ်။ ၎င်းဟာ ကွန်ကရစ်ရဲ့ အပူရှိန်မြင့်တက်မှုကိုလျှော့ချနိုင်ပြီး ကွန်ကရစ် ကွဲအက်မှုကို လျှော့နည်းစေကြောင်း သုတေသနစာတမ်းများအရ သိရှိရပါတယ်။ ရှမ်းပြည်နယ်ဒေသတော်တော်များများမှာ

ကျောက်မီးသွေးပြာနဲ့ ဖြုန်းသဲရောစပ်ပြီးခင်းတဲ့လမ်းတွေ ရှိနေပါတယ်။ ဆောက်လုပ်ရေးသုံးရန် ထုံးဖုတ်ခြင်းဟာ သစ်တောများ ပျက်စီးပြုန်းတီးစေပြီး ထုံးအစား ကျောက်မီးသွေးပြာ အသုံးပြုခြင်းဖြင့် သစ်တောများပြုန်းတီးမှုကို အတိုင်းအတာ တစ်ခုအထိ ကာကွယ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစွမ်းအင် မြင့်မားလာစေရေးအတွက် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ အမှန်တကယ် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေသော ကျောက်မီးသွေးသုံး ရေနွေးငွေ့ လျှပ်စစ်ဓာတ်အားပေး စက်ရုံများကိုလည်း ပြည်ထောင်စုအစိုးရမှ စီမံချက်ချ ဆောင်ရွက်သင့်ပါတယ်။ ပြည်သူများအနေနဲ့ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံလို့ ကြားလိုက်တာနဲ့ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများနဲ့ ဘေးထွက်ဆိုးကျိုးများကို တွဲယှဉ်ပြီး မြင်နေကြတာလည်း တွေ့နေရပါတယ်။ အချို့သော အဖွဲ့အစည်းများကလည်း လှုံ့ဆော်ပေး နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများကို အခြားနိုင်ငံများနည်းတူ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနဲ့ ဘေးထွက်ဆိုးကျိုးများမခံစားရအောင် အဆင့်မြင့်နည်းပညာသုံးပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်မှုများကိုလည်း ပြည်သူများမှ ယုံကြည်လာအောင် ချပြ အသိပေးရမှာပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအင် ဖွံ့ဖြိုးမှုဆောင်ရွက်ရာမှာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုဟာလည်း ဆောင်ရွက်သင့်သောလုပ်ငန်း ဖြစ်ပါကြောင်း ဖြည့်စွက်အကြံပြု တင်ပြအပ်ပါတယ်။

နိုဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ချမှတ်ထားရှိတဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ် တွေဟာ အထူးပင် ပြည့်စုံကောင်းမွန်ပြီးဖြစ်ပါတယ်။ တစ်ဖက်ကလည်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုတွေကို အချိန်တိုအတွင်း ပြန်လည်ကုစားရမှာဖြစ်သလို အခြားတစ်ဖက်ကလည်း ဆက်လက်ဆောင်ရွက်ရဦးမယ့် စီမံကိန်းတွေကို အချိန်ကိုက် ဟန်ချက်ညီညီ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မဟာဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးတဲ့ အရပ်ဒေသများမှာ အသေးစားရေအားဓာတ်အားပေးစက်ရုံတွေကို ပြည်ထောင်စုအစိုးရ၊ ဒေသအစိုးရများက နည်းပညာအင်အား၊ ဓနအင်အားများ အကူအညီပေးပြီး အမြန်ဆုံးတည်ဆောက် အကောင်အထည်ဖော်ပေးမယ်

ဆိုရင် မျှားမကြာမီ ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနဲ့ တန်းတူ ရင်ပေါင်တန်းနိုင်ပြီး စီးပွားရေးနဲ့ လူမှုဘဝတွေ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါကြောင်း တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၅:၀၈။**

**ဥက္ကဋ္ဌ။** ။ကျေးဇူးပြုပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၀၈။**

**ဦးခက်ထိန်နန်၊ ကျေးဇူးပြုပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာဖြင့် မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျေးဇူးပြုပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်ကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် ခွင့်တောင်းခံ အပ်ပါတယ်။

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့မြန်မာနိုင်ငံရဲ့လျှပ်စစ်ဖွံ့ဖြိုးမှု လျင်မြန်စွာအထောက် အကူပြုနိုင်မယ့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small - scale Hydropower Development Scenario)ကို လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုအပေါ် ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ၂၀၁၁ ခုနှစ်နွေရာသီမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးနိုင်မှုမရှိတဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ အခက်အခဲ တော်တော်များများ ကြုံတွေ့ဖြေရှင်းခဲ့ရပြီးတဲ့နောက် ပြည်ထောင်စု အစိုးရအနေဖြင့်လည်း လျှပ်စစ်ကဏ္ဍတစ်ဟုန်ထိုးတိုးတက်အောင် ရေတို/ရေရှည် စီမံချက်များချမှတ်ပြီးတော့ ပြုပြင်ပြောင်းလဲဆောင်ရွက်ရေး နည်းဗျူဟာများကျင့်သုံးခြင်း စသည်တို့ကိုအလေးထားစဉ်းစားဆောင်ရွက်လာခဲ့ရတယ်လို့ သိရှိရပါတယ်။ အသစ်ပေါင်းစည်း ဖွဲ့စည်းလိုက်တဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း ပြည်တွင်းပညာရှင်များနှင့် တိုင်းရင်းသားကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများကို

ဖိတ်ကြားပြီးတော့ လျှပ်စစ်ကဏ္ဍမှ အာမခံချက်ပေးနိုင်မယ့် အစီအမံများအတွက် အကြံဉာဏ်များ ရယူခဲ့တယ်လို့လည်း သိရှိရပါတယ်။ သတင်းစာ၊ ဂျာနယ်၊ စာနယ်ဇင်းများမှာလည်း အကြံပြုဆောင်းပါးများ၊ ဝေဖန်ချက်များ အမျိုးမျိုးအဖုံဖုံ ဖော်ပြပါရှိတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။

ကျွန်တော်လေ့လာမိသလောက်လည်း ပြန်လည်တင်ပြရလျှင် ၁၉၈၈ ခုနှစ်မတိုင်မီ အစောပိုင်းကာလများမှာ လောပိတ၊ ဘီလူးချောင်းအမှတ်(၁)၊(၂) ရေအား လျှပ်စစ်စက်ရုံကြီးများမှအပ နိုင်ငံတကာစံနှုန်းအရဆိုလျှင် (၂၀-၂၅)မဂ္ဂါဝပ်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများကိုသာ အနည်းအကျဉ်း တည်ဆောက်နိုင်ခဲ့တာကို လေ့လာသိရှိရပါတယ်။ ဒီထက်ထူးခြားတာကတော့ ယင်းကာလနောက်ပိုင်း ဆယ်စုနှစ် နှစ်ခု၊ သုံးခုအတွင်း တိုးတက်လာတဲ့ နိုင်ငံလူဦးရေ၊ ဖွံ့ဖြိုးလာမယ့်စက်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများအတွက် လျှပ်စစ်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားမှု အားနည်းခဲ့ပြီး ပြည်နယ်/တိုင်း ဒေသအချို့မှာ (၁)မဂ္ဂါဝပ်၊ (၂)မဂ္ဂါဝပ်အောက်ရှိ အသေးစားရေအား လျှပ်စစ်စီမံကိန်း အချို့ကိုသာ ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစား ရေအားလျှပ်စစ် စက်ရုံများဟာ နိုင်ငံတော်ဓာတ်အားစနစ် (National Grid) သို့ ဝင်ရောက်နိုင်ရန် အခက်အခဲရှိတဲ့ စက်ရုံများ ရှိသကဲ့သို့ ဝင်ရောက်နိုင်သော စက်ရုံများလည်းရှိပြီးမည်သို့ပင်ဖြစ်စေ မဖွံ့ဖြိုးသေးသော ဝေးလံဒေသများ အတွက် တန်ဖိုးရှိလှ၍ ယင်းအသေးစားစီမံကိန်းများဟာ မလုပ်မဖြစ် လုပ်ရမည်သာဖြစ်ပါတယ်။ယခင်အစိုးရလက်ထက်ကလက်ဦးမှုရအောင်ဆိုပြီးတော့ အလတ်စား၊ အကြီးစားရေအား လျှပ်စစ်စီမံကိန်းများ(Medium Scale/Large Scale Hydropower Porjects)ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းများ စုစုပေါင်း(၄၄)ခုရဲ့စက်တပ်ဆင်အင်အား (၄၂၄၀၀)မဂ္ဂါဝပ်ခန့်အတွက် နားလည်မှု(MoU)၊ သဘောတူညီမှု(MoA)၊ ပူးပေါင်းဆောင်ရွက်မှု(JVA)၊ စာချွန်လွှာများ ၊ ကန်ထရိုက် စာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြရာမှာ ယနေ့အများအားဖြင့်လက်တွေ့အလုပ်မဖြစ်ဘဲဆိုင်းငံ့နေတယ်လို့လည်း လေ့လာသိရှိရပါတယ်။

ကျွန်တော်အဓိက ထောက်ခံဆွေးနွေးတင်ပြလိုသည်မှာ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန် အဖွဲ့အစည်းအသီးသီးရဲ့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၃)ရပ်နဲ့ အကောင်အထည်ဖော်

လုပ်ဆောင်ရာမှာ လက်တွေ့ကျကျ အလုပ်ဖြစ်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ရှေ့လာမယ့် ကာလများမှာ လိုအပ်တဲ့လျှပ်စစ် ဖွံ့ဖြိုးမှု ရေတို၊ရေရှည် စီမံကိန်းများဟာ စာရွက်ပေါ်မှာသာ မဟုတ်ဘဲ လျှပ်စစ်မီးသုံးစွဲခြင်းသည် လူပုဂ္ဂိုလ်တိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် မကင်းနိုင်တဲ့ အတွက်၊ အရေးကြီးတဲ့အတွက် နှစ်ကာလအချို့အတွင်း ဘဏ္ဍာငွေကိုလည်း ဦးစားပေး ခွဲဝေသုံးစွဲသင့်တယ်လို့လည်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဆိုရှင် တင်ပြ သွားချက်များအရ ယခင်အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ကနဦး စူးစမ်းရှာဖွေထားတဲ့ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှာထုတ်ယူနိုင်စွမ်းရှိတဲ့ အသေးစား ရေအားလျှပ်စစ်လုပ်ငန်း (၅၀)မဂ္ဂါဝပ်အောက်ရှိ(၂၅၀)ခုခန့် စုစုပေါင်း စက်တပ်ဆင်အင်အား (၇၁၅)မဂ္ဂါဝပ်ခန့်ဟာ ဆွဲဆောင်မှုရှိတဲ့ ပဏာမဖြစ်တယ်လို့ ယူဆပါတယ်။ ပြည်တွင်း၊ပြည်ပ အကြီးစားစီးပွားရေး လုပ်ငန်းများအတွက် လုံလောက်မှု မရှိနိုင်သော်လည်းပဲ ဖွံ့ဖြိုးမှုနောက်ကျနေသော ပြည်နယ် ဒေသများ၊ ပြည်မအစွန်အဖျားများရှိ အသေးစားစီးပွားရေး လုပ်ငန်းများအတွက်နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေမှုတို့ကို အထောက်အကူဖြစ်မယ်ဆိုတာ သေချာကြောင်းလည်း တင်ပြလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဖွံ့ဖြိုးရန်အတွက် အသေးစားလျှပ်စစ်ဖြစ်ဖြစ်၊ အကြီးစား လျှပ်စစ်ဖြစ်ဖြစ် ငြိမ်းချမ်းရေးလည်းအရေးကြီးပါတယ်။ မြေပြန့်၊တောင်ပေါ်၊ နယ်စပ်ဒေသမကျန် လျှပ်စစ်မီးရရှိနိုင်ရန်အတွက် ကျွန်တော်တို့နိုင်ငံအမြဲတမ်း ငြိမ်းချမ်းရေး ရရှိရန်လည်း လိုအပ်နေ ပါတယ်။ ဥပမာ ကချင်ပြည်နယ်ရဲ့ မြို့တော် မြစ်ကြီးနားတစ်မြို့လုံး၊ ရပ်ကွက်၊ကျေးရွာ၊ မြို့ ဆေးရုံ၊ ဌာနဆိုင်ရာများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အားလုံးတွင် သုံးစွဲနေသော လျှပ်စစ်မီးဟာ နိုင်ငံတော်အစိုးရနဲ့ KIO/KIA ငြိမ်းချမ်းရေးရခဲ့စဉ် (၁၇)နှစ်အချိန်ကာလတွင် KIO/KIA ဘူးခါးမှ မလိရေအားလျှပ်စစ်ဆောင်ရွက်ခဲ့၍ ယနေ့အထိ မြစ်ကြီးနားတစ်မြို့လုံး မီးလင်းနေခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်မှ ဝန်ကြီးဌာနရဲ့ကိုယ်တိုင်ပါဝင်မှုဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံပါဝင်မှုဖြင့် အပူရှိန်သုံးဓာတ်အားပေး စက်ရုံစီမံကိန်းများ ဥပမာ- ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့များကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကုန်ဆုံးမည့်

ကာလတို(၅)နှစ် စီမံကိန်းကာလအတွင်း လုပ်ဆောင်နေသည်ကိုလည်း တွန်းအားပေးသင့်တယ်ဟု သုံးသပ်တင်ပြလိုပါတယ်။ ဖော်ပြပါလုပ်ဆောင်ချက်များနဲ့ တစ်ပြိုင်တည်း အဆိုရှင် တင်ပြသွားခဲ့သော မဂ္ဂါဝပ်ပုံစံအမျိုးမျိုးရရှိနိုင်မယ့် အသေးစားရေအား လျှပ်စစ်စီမံကိန်းများကို ကုန်ကျစရိတ်သက်သာ မြန်ဆန်စွာဖြင့် လုပ်ကိုင်နိုင်မယ့် အစီအမံများ ချမှတ်ဆောင်ရွက်သွားသင့်ပါတယ်။ ယင်းလုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ များအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားပါက ထိရောက်မြန်ဆန်စွာ အကျိုးခံစားနိုင်မည်ဖြစ်ကြောင်းကိုလည်း သုံးသပ်တင်ပြ ထောက်ခံ ဆွေးနွေးလိုပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင် တင်သွင်းသွားခဲ့သော မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှု လျင်မြန်စွာအထောက်အကူပြုနိုင်မယ့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှုအစီအစဉ် (Small - scale Hydropower Development Scenario)ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၁၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ မန္တလေးတိုင်း မဲဆန္ဒနယ်အမှတ်(၆)က ဦးမျိုးမြင့်ရဲ့ အဆိုကို ထောက်ခံပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံအချို့၊ အရှေ့တောင်အာရှနိုင်ငံအချို့နဲ့ နှိုင်းယှဉ်ရင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ အလွန်နိမ့်ကျနေတာကို တွေ့ရှိရပါတယ်။ လူတစ်ဦးတစ်နှစ်သုံးစွဲမှုမှာ (၁၄၃)ယူနစ်သာရှိတဲ့အတွက် လာအိုနိုင်ငံထက်တောင်မှ သုံးဆနည်းတာ တွေ့ရှိရပါတယ်။ ပြည်တွင်းနဲ့ FDI ရင်းနှီးမြှုပ်နှံသူတွေကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို

စောင့်ကြည့်ပြီး လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဓာတ်အားထုတ်လုပ်မှုမှာ မျှားစွာမူတည်နေပါတယ်။ ဓာတ်အား တိုးမထုတ် နိုင်ရင် ဖွံ့ဖြိုးမှုကို ကန့်သတ်လာတော့မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရေအားအရင်းအမြစ် မျှားစွာ ရရှိနေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဓာတ်အားထုတ်လုပ်ရေးဟာလည်း ရေအားကိုအဓိကထား ထုတ်လုပ် နေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အကြီးစားရေအားလျှပ်စစ်ကိုပဲ အဓိကဇောင်းပေးပြီးတော့ လုပ်နေတာ ကြောင့် တစ်ဖက်သတ်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၀ ခုနှစ်၊ ၂၀၀၁ ခုနှစ်ကစပြီးတော့ အနှစ်(၃၀)လျှပ်စစ်မဟာဗျူဟာ စီမံကိန်းချထားခဲ့ရာမှာ (၅)နှစ်စီမံကိန်း (၂)ကြိမ်ကျော်ဖြတ်လာတဲ့ အခုအချိန်မှာ ဓာတ်အားထုတ်လုပ်မှုဟာ (၇)လပိုင်း (၁၃)ရက်နေ့က ဆိုရင် (၁၆၀၀) မဂ္ဂါဝပ် အဆင့်မှာပဲ ရှိနေပါသေးတယ်။ အမှန်တကယ်ရှိနေရမှာက စီမံကိန်းအရ ဆိုရင် ဒီထက်နှစ်ဆလောက်ရှိနေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစီမံကိန်းဟာ မပြည့်စုံ၊ မလုံလောက်သေးဘူးဆိုတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစောပိုင်းကာလတွေမှာ အကြီးစားရေအားလျှပ်စစ်ကို အကုန်အကျများစွာနဲ့ ထုတ်လုပ်ခဲ့တာသင့်တော်ပေမဲ့လည်း အခုအချိန်လက်တွေ့ အခြေအနေနဲ့ မကိုက်ညီနိုင်တော့ပါဘူး။ ဒါကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို သွက်သွက်လက်လက်၊ လျင်လျင်မြန်မြန်လုပ်နိုင်တဲ့ ပေါ်လစီတွေ ချမှတ်ဖို့လိုနေပါတယ်။ သွက်လက်လွယ်ကူစွာ လုပ်နိုင်တဲ့ အသေးစားရေအားလျှပ်စစ် အမျိုးအစားဟာ မြန်မာနိုင်ငံမှာ နောက်ကျနေခဲ့တာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် အသေးစားရေအား လျှပ်စစ်ဟာ တရုတ်ရေအားလျှပ်စစ် ထုတ်လုပ်မှုရဲ့ (၂၅)ရာခိုင်နှုန်းရှိနေတာ တွေ့ရှိရပါတယ်။ တစ်ကမ္ဘာလုံးမှာဆိုရင်တော့ စုစုပေါင်း ရေအားလျှပ်စစ်ရဲ့ (၅)ရာခိုင်နှုန်းဟာ အသေးစားရေအားလျှပ်စစ်ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံ အများစုဟာ ကျွန်တော်တို့လိုမိုးများတဲ့ မုတ်သုန်ရာသီရှိတဲ့နိုင်ငံတွေ မဟုတ်သေးပါဘူး။ အသေးစားရေအားလျှပ်စစ်တွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လုပ်ကိုင်နိုင်တဲ့ အတိုင်းအတာ ဖြစ်တဲ့အတွက် အားသာချက်တွေရှိနေပါတယ်။ ပဂ္ဂလိကနဲ့ ဒေသခံပြည်သူတွေ ပါဝင်လုပ်ဆောင်နိုင်တဲ့အတွက် ဒေသဖွံ့ဖြိုးရေးကိုလည်း တိုက်ရိုက် အထောက်အကူပြုမှာ ဖြစ်ပါတယ်။

နီပေါနိုင်ငံရဲ့ အသေးစားရေအားလျှပ်စစ်ဟာ ကျွန်တော်တို့ထက် အများကြီးစော နေတာတွေ့ရှိရပါတယ်။ လုပ်ငန်း(၃၂၃)ခု တည်ဆောက်ရာမှာ ဒေသခံတွေ ဝင်ငွေတိုးလာ ပြီးတော့ အမြဲတမ်းအလုပ်အကိုင်အဖြစ် အလုပ်နေရာ (၄၀၀၀)နီးပါးခန့် ခန့်ထားနိုင်တာ တွေ့ရှိ ရပါတယ်။မြန်မာနိုင်ငံမှာလည်း လုပ်မယ်ဆိုရင်အသေးစားရေအားထုတ်နိုင်တဲ့ နေရာ(၃၀၀) ခန့် ရှိနေပြီ ဖြစ်ပါတယ်။ နောက်ထပ်ရှာဖွေရင် ဒီထက်အများကြီးတွေ့ရှိမယ့် အလားအလာတွေ ရှိနေပါတယ်။ ဒီဟာတွေကို အကောင်အထည်ဖော် လိုက်မယ်ဆိုရင် တောလျှိုတောင်ကြား အလှမ်းဝေးတဲ့ ဒေသတွေ၊ တိုင်းရင်းသားဒေသရဲ့ လူနေမှုဘဝများစွာ တိုးတက်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းဒေသဟာ မိုင်ပေါင်း (၁၃၅၀)ခန့် ရှည်လျား ပါတယ်။ ဒီဒေသတွေမှာ မိုးရေချိန်လက်မ(၂၀၀)ခန့် ရွာသွန်းနေပါတယ်။ အီကွေတာနဲ့ ပိုနီးပါတယ်။ မိုးတွင်းကာလမှာဆိုရင် ဒီကနေ့ ရွာတဲ့ မိုးရေကို နောက်တစ်နေ့မှာ ပြန်ဖြည့်နိုင်တဲ့ ဒေသတွေ ဖြစ်ပါတယ်။ ဒီအဖိုးတန် ရေချိုအရင်းအမြစ်တွေဟာ ဒီကနေ့အထိ လျှပ်စစ် မာတ်အား၊ သောက်သုံးရေနဲ့ စိုက်ပျိုးရေးအတွက် အသုံးမချနိုင်သေးပါဘူး။ ပင်လယ်ထဲကို ရောက်ရှိသွားပါတယ်။ ဒါဟာ အလွန်နှမြောစရာ ကောင်းပါတယ်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်မှာ အောင်အောင်မြင်မြင်ဖြစ်ထွန်းနေတဲ့ ရေအားလျှပ်စစ်တစ်ခုမှ မတွေ့ရှိရသေး ပါဘူး။ အသေးစား၊ အလတ်စား၊ အကြီးစား ဘာတစ်ခုမှ မတွေ့ရတာ ဝမ်းနည်းစရာ ကောင်း ပါတယ်။ နိုင်ငံအတွက်လည်း ထိခိုက်နစ်နာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ဆိုရင် မြို့နယ်(၁၇)မြို့နယ်ရှိရာမှာ မြို့(၁၀)မြို့ရဲ့ မနီးမဝေးမှာ တောင်ကျ ချောင်းကြီးတွေ ရှိပါတယ်။ ကျေးရွာပေါင်းများစွာဟာလည်း တောင်ကျချောင်းတွေအနားမှာ ရပ်ရွာတည်ထောင် ပြီး နေထိုင်ကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တောတောင်ထူထပ်ပြီး မိုးများတဲ့ ဒေသတွေမှာ လည်း ကျွန်တော်တို့ ဒေသနဲ့ အလားတူ ဖြစ်ပါလိမ့်မယ်။

အဲဒီနေရာတွေမှာ ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားရေအားလျှပ်စစ်တွေကို အားကိုးပြီး အလျင်အမြန် တည်ဆောက်သင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အကြီးစား ရေအား လျှပ်စစ်တွေ ရခိုင်ပြည်နယ်မှာ မရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမဲ့ အားကိုးမရတဲ့ အခြေအနေမှာ ရှိပါတယ်။ သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းဟာ ၂၀၀၄ ခုနှစ်က စတင်

တိုင်းတာခဲ့ပါတယ်။(၈)နှစ်ကြာလာပါပြီ။ ပျက်စီးယိုယွင်းလျက်ရှိနေပါသေးတယ်။ စိုင်ဒင်စီမံကိန်း ကတော့ ၁၉၅၂ ခုနှစ်မှာ စတင်ခဲ့တာ ဖြစ်ပါတယ်။ ဟိုတုန်းက ပြည်တွင်းစစ်ကြောင့် ရပ်ဆိုင်း သွားပါတယ်။ ၁၉၉၀ ခုနှစ်မှာ တစ်ဖန်ပြန်လည် စတင်ပါတယ်။ အခု (၂၂)နှစ်ကြာလာတဲ့အထိ မပြီးသေးပါဘူး။ စိုင်ဒင်စီမံကိန်းဟာ ဒီနှစ် တရုတ်နိုင်ငံက ရေအားလျှပ်စစ်တွေမှာလည်း ပါလာ တာ မတွေ့ရှိရပါဘူး။ လေးမြို့နဲ့ အမ်း စီမံကိန်းတွေကလည်း ဝေးနေပါသေးတယ်။ အခု ရေအား လျှပ်စစ်အတွက် တရုတ်ချေးငွေ၊ အမေရိကန်ဒေါ်လာ သန်း(၁၇၀၀) ရယူရာမှာ ဒီစီမံကိန်း တွေကို မတွေ့ရှိရပါဘူး။ ဒေသခံတွေကတော့ ယုံကြည်မှု တော်တော်လျော့နည်းသွားပြီ ဖြစ်ပါ တယ်။ စီမံကိန်းဟာ စီမံကိန်းပါပဲ အဲဒီလို ပြောနေကြပါတယ်။ အကြီးစားရေအား လျှပ်စစ်တွေ စတင်ချိန်က (၅)နှစ်မှ (၈)နှစ်အကြာမှာ ပြီးစီးတယ်လို့ ပြည်ထောင်စုဝန်ကြီးက ဖြေကြားခဲ့တာ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်အနေနဲ့ အသေးစားရေအား လျှပ်စစ်တွေ ကိုပဲ အားကိုးလာရတော့မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်ပြောရရင် အလျင်အမြန်ဖွံ့ဖြိုးတိုးတက် လာတော့မယ့် မြန်မာ့စီးပွားရေးနဲ့တစ်ဟုန်တိုး တိုးတက်လာတဲ့ အာဆီယံစီးပွားရေးနဲ့ ဟန်ချက်ညီညီ ရှိဖို့ဆိုရင် နှေးကွေးနေတဲ့ အကြီးစားရေအားလျှပ်စစ်နဲ့တွဲလျက် အသေးစား ရေအားလျှပ်စစ်တွေ လျင်မြန်စွာ ထုတ်လုပ်ဖို့ စီမံကိန်းတွေ ရေးဆွဲဖို့ အချိန်ကျရောက်နေပါပြီ။ ကမ္ဘာ့ရေအားလျှပ်စစ်မှာ အအောင်မြင်ဆုံးနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အသေးစားရေအား လျှပ်စစ်မှာ ဗဟိုအစိုးရက သုံးပုံ တစ်ပုံ၊ ပြည်နယ်အစိုးရက သုံးပုံတစ်ပုံ၊ ဒေသခံလူထုက သုံးပုံတစ်ပုံ အရင်းအနှီးထည့်ဝင်တဲ့ စနစ်ဟာ တော်တော့်ကို အောင်မြင်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လေ့လာသင့်ပါတယ်။ အသေးစား ရေအားလျှပ်စစ်ဟာ ဒေသတွင်းဖွံ့ဖြိုးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စွမ်းအင်အညီအမျှ ဖြန့်ဝေရရှိရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေး စတဲ့ ကဏ္ဍတွေနဲ့ သက်ဆိုင်နေတဲ့အတွက် အစိုးရက တိုက်တိုက်တွန်းတွန်း လုပ်ဆောင်ရင် တိုင်းပြည် အတွက် အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တာကြောင့် မန္တလေးတိုင်းဒေသကြီးမှ ဦးမျိုးမြင့် ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။ ဗိုလ်မှူးဝင်းကျော်ကျော် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၅း၂၄။**

**ဗိုလ်မှူးဝင်းကျော်ကျော် (တပ်မတော်သား ကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဂ်လာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) က ဦးမျိုးမြင့်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ၏ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာအထောက်အကူပြုနိုင်မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍပုံဖော်မှုအစီအစဉ်ကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက် သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြု ဆွေးနွေး သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ နိုင်ငံအသီးသီးတွင် စွမ်းအင်ကို လိုအပ်လျက်ရှိနေပါတယ်။ နိုင်ငံတော်တစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လျှပ်စစ်စွမ်းအင် တစ်ခုတည်းနဲ့ မဆောင်ရွက်နိုင်ပေမဲ့ အရေးပါတဲ့ အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ဟာ လူနေမှုအဆင့်အတန်းကို မျှားစွာတိုးတက်ပြောင်းလဲစေနိုင်သလို စီးပွားဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း အထောက်အကူပေးပါတယ်။ လျှပ်စစ်စွမ်းအင်နဲ့ အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုကို လျှပ်စစ်စွမ်းအင် ဘယ်လောက်သုံးစွဲနိုင်သလဲဆိုတဲ့ အချက်နဲ့ မျှားစွာ အဆုံးအဖြတ်ပေးနိုင်တာ ဖြစ်ပါတယ်။ ဒီလိုအရေးပါလှတဲ့ လျှပ်စစ်စွမ်းအင်ကို နည်းအမျိုးမျိုးနဲ့ ရယူသုံးစွဲကြပါတယ်။ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း၊ ဒီဇယ်သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်း၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူ စွမ်းအင်သုံး ဓာတ်အားပေး

စက်ရုံများ တည်ဆောက်ခြင်း၊ ဒီရေစွမ်းအင်၊ ဇီဝစွမ်းအင်၊ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်းဖြင့် လျှပ်စစ်စွမ်းအင်ကို ထုတ်ယူ သုံးစွဲလျက် ရှိကြပါတယ်။

ရေအားလျှပ်စစ် ထုတ်ယူတဲ့နေရာမှာ အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးများ အပါအဝင် အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများပါ နေရာဒေသအခြေအနေနဲ့ လိုက်လျောညီထွေစွာရွေးချယ် ဆောင်ရွက်သင့်ပါတယ်။ လုပ်ငန်းများအောင်မြင်ခြင်း သို့မဟုတ် အောင်မြင်မှုမရရှိခြင်းနဲ့ အကျိုးကျေးဇူး များစွာရရှိခြင်း သို့မဟုတ် ရည်မှန်းထားသလောက် အကျိုးရလဒ်မရရှိခြင်းတို့သည် အဆိုပါ စီမံကိန်းလုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းစဉ် တစ်လျှောက်၌ စစ်ဆေးကြပ်မတ်နိုင်ခြင်းနှင့် အဓိကသက်ဆိုင်တာဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအင်များများထုတ်ယူရရှိနိုင်ပြီးတည်ဆောက်ရေးလုပ်ငန်းအတွက်လည်း အဆင်ပြေနိုင်မယ့် နေရာများအတွက်ကတော့ အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးများ ဆောင်ရွက်သင့်ပြီး၊ အများစုအတွက်ကိုတော့ အသေးစား၊ အလတ်စား ရေအားလျှပ်စစ် စီမံကိန်းများ တည်ဆောက်နိုင်ရေးကို အားပေးဆောင်ရွက်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားအရ ပြောရမယ်ဆိုရင် လက်ရှိအခြေအနေမှာ အဆိုရှင် တင်ပြသလို အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စီမံကိန်းများကို ဦးစားပေး ဆောင်ရွက်သင့်ပါတယ်။ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်မယ်ဆိုရင် ကာလကြာရှည်အချိန်ယူတည်ဆောက်ရခြင်း၊ ငွေကြေးအရင်းအနှီးများစွာ မတည်ရင်းနှီး ရမည်ဖြစ်ခြင်း၊ ငွေကြေး အရင်းအနှီးများသည့်အတွက် ပဂ္ဂလိကပိုင် တည်ဆောက်ရန် ခဲယဉ်းခြင်း၊ လုပ်ငန်းကြီးမား ကျယ်ပြန့်ပြီး အချိန်ကြာသည့်အတွက် စစ်ဆေးကြပ်မတ်ရာတွင် အားနည်းချက်များ ပိုမိုများပြားနိုင်ခြင်း၊ ရည်မှန်းထားသည့် လျှပ်စစ်စွမ်းအင်အပြည့်အဝ မထွက်ရှိပါက တစ်ယူနစ် ကုန်ကျစရိတ် ပိုမိုကြီးမားသွားခြင်း၊ ပြီးစီးသွားသော စက်ရုံကြီးကို ပြုပြင်ထိန်းသိမ်းရန် စရိတ်စက ကြီးမားခြင်း၊ စက်ရုံကို ခေတ္တပိတ်၍ ပြုပြင်ရမည်ဆိုပါက ၎င်းကာလတွင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု များစွာလျော့ကျမည် ဖြစ်ခြင်းစတဲ့ ကန့်သတ်ချက်များနဲ့ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အသေးစား ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်မည် ဆိုပါက အထက်ကတင်ပြခဲ့တဲ့ အားနည်း ကန့်သတ်ချက်များကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် အချိန်တိုအတွင်း နေရာဒေသအနှံ့မှာ တစ်ပြိုင်တည်း၊ တစ်ပိုင်တစ်နိုင် တည်ဆောက်နိုင်ကြမှာဖြစ်လို့ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ရှိနေတဲ့ နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများအထိ အထောက်အကူပြုမှာဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းမှာ ပူးပေါင်းဖို့ အတွက် ဆိုရင်တော့ ပြန့်ကျဲနေတဲ့ ဒီလို အသေးစား၊ အလတ်စား ရေအားလျှပ်စစ်လုပ်ငန်း များကြောင့် ကြိုးလိုင်းပေါ်မှာတင် ဓာတ်အားပျောက်ဆုံးမှု များနိုင်ပါတယ်။ ဒါပေမဲ့ ပြည်သူများ အနေနဲ့ မိမိတို့လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်ကို မိမိတို့ဒေသအနီးအနားမှာ ထုတ်ယူရရှိနိုင် မယ်ဆိုရင် သီးခြားထုတ်ယူ သုံးစွဲခြင်းအားဖြင့် မဟာဓာတ်အားလိုင်းက ထုတ်ယူသုံးစွဲရမယ့် လျှပ်စစ်ဓာတ်အားကို များစွာ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူလူထုအနေနဲ့ ပုဂ္ဂလိကပိုင်တည်ဆောက်လိုစိတ် ရှိလာအောင် နိုင်ငံတော်က မူဝါဒများ ချမှတ်ပြီး အားပေးဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ လေ့လာတွေ့ရှိရသလောက် ကျွန်တော်တို့နိုင်ငံမှာ တည်ဆောက်ပြီး အသေးစား ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၀၀၉ ခုနှစ်အထိ(၃၂)ရုံတည်ဆောက်ပြီးစီးပြီးလျှပ်စစ် ဓာတ်အား (၃၃၆၈၉) ကီလိုဝပ် စက်တပ်ဆင်အင်အား ရှိတယ်လို့ သိရပါတယ်။

အဆိုရှင်ရဲ့ တင်ပြချက်အရ တိုင်းဒေသကြီး/ပြည်နယ်များမှာ ထပ်မံတည်ဆောက် နိုင်တဲ့ အသေးစားရေအားလျှပ်စစ် စီမံကိန်း (၂၄၉)ခု တည်ဆောက်ရန် ဖြစ်နိုင်စွမ်းရှိပြီး စက်တပ်ဆင်အင်အား (၁၀၈၁.၀၅)မဂ္ဂါဝပ် ရရှိနိုင်တယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအဆိုဟာ လျှပ်စစ်ကဏ္ဍဖြစ်တဲ့အတွက် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများနှင့် ပတ်သက်ပြီး အနည်းငယ်ဆွေးနွေးခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ်က တိုင်းတာတွက်ချက်မှုအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ စုစုပေါင်း ကျောက်မီးသွေး တန်ချိန် (၂၀၄)သန်းကျော် ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျောက်မီးသွေး အများအပြား ထွက်ရှိရာဒေသများဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး မောတောင်၊ ကချင်ပြည်နယ် လွယ်ဂျယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း တီကျစ်၊ စစ်ကိုင်းတိုင်း ဒေသကြီးကလေးဝ၊ ရှမ်းပြည်နယ်မြောက်ပိုင်း နန်မ ဆန်းလောင်းဒေသများမှာ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် သင့်တော်ကြောင်း တွေ့ရှိရပါတယ်။ လက်ရှိမှာ တီကျစ်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး ဖြစ်ပါတယ်။

နိုင်ငံတိုင်းဟာ မိမိတို့မှာရှိတဲ့ သယံဇာတများကို အကျိုးအရှိဆုံးဖြစ်အောင် ကြံဆထုတ်ယူသုံးစွဲကြရတာချည်းပဲ ဖြစ်ပါတယ်။ ဒီလိုထုတ်ယူသုံးစွဲရာမှာ ဘေးထွက်ဆိုးကျိုးအနည်းဆုံး၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်မယ်ဆိုရင် အောင်မြင်မှု ရရှိနိုင်မှာဖြစ်ပါတယ်။ ဥပမာ- ဂျပန်နိုင်ငံ မှာဆိုရင် ကျောက်မီးသွေး ဓာတ်အားပေး စက်ရုံ(၂၂)ရုံ တည်ဆောက်ထားပြီး စက်တပ်ဆင် အင်အား (၂၄၀၀၉) မဂ္ဂါဝပ်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျောက်မီးသွေးသယံဇာတ များစွာရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ ကျောက်မီးသွေးဓာတ်အားပေး စက်ရုံများ ထပ်မံတည်ဆောက်ရန် ဆောင်ရွက်သင့်တယ်လို့ မြင်ပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမယ့် နည်းလမ်းများကိုလည်း လေ့လာရမှာဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ ဂျပန်နိုင်ငံကစက်ရုံများမှာ မီးခိုးငွေ့သန့်စင်သည့်စနစ်၊ အမှုန် ထုတ်လွှင့်မှု အနည်းဆုံးဖြစ်အောင် ပြုလုပ်သည့်စနစ်များကို နည်းပညာတိုးတက် လာသည်နှင့်အမျှ စက်ရုံများမှာ အဆင့်မြှင့်တင် တပ်ဆင်ခဲ့တာရှိပါတယ်။ ဒါ့အပြင် ယနေ့အချိန်အခါမှာ ကျောက်မီးသွေးကို လောင်စာအဖြစ် မသုံးမီကပင် (၉၅) ရာခိုင်နှုန်း သန့်စင်အောင်ပြုလုပ်နိုင်တဲ့ နည်းပညာများ ရှိနေပြီလို့ သိရပါတယ်။ ဒီလိုနည်းပညာတွေ အသုံးပြုရမယ့် ကုန်ကျစရိတ် ရလာမယ့်အကျိုးအမြတ်၊ဘေးထွက်ဆိုးကျိုး မည်မျှထိ လျော့ကျ နိုင်တယ်ဆိုတာတွေကို ပြည်သူလူထုက လက်ခံလာအောင် ရှင်းရှင်းလင်းလင်း ချပြဆွေးနွေးပြီး ယုံကြည်လက်ခံပါက အကောင်အထည်ဖော် ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကျောက်မီးသွေးလောင်စာသုံး အသေးစား၊ အလတ်စား ဓာတ်အားပေးစက်ရုံများနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံများကို နေရာဒေသအလိုက် အောင်မြင်စွာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဆိုပါက အချိန်တိုအတွင်း လျှပ်စစ်စွမ်းအင် ပြည့်ပြည့်၀၀ ရရှိနိုင်မှာဖြစ်ကြောင်း အလျှဉ်းသင့်လို့ အကြံပြုဆွေးနွေးခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရပါလျှင် အသေးစား၊ အလတ်စား ရေအားလျှပ်စစ်များကို ဆောင်ရွက်နိုင်တဲ့ နေရာများစွာ ကျွန်တော်တို့နိုင်ငံမှာ ရှိနေပါတယ်။ ဒီလို အသေးစား၊ အလတ်စား ရေအားလျှပ်စစ်လုပ်ငန်းတွေကိုသာ နိုင်ငံတော်အနေဖြင့် အားပေးကူညီလိုက်မယ်

ဆိုရင် မြန်မာနိုင်ငံရဲ့လျှပ်စစ်ဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မှာ ဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က ဦးမျိုးမြင့် ရဲ့ အသေးစား ရေအားလျှပ်စစ်ကဏ္ဍပုံဖော်မှု အစီအစဉ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၃၃။**

**ဥက္ကဋ္ဌ။** ။မူလအဆိုရှင်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေကို နိဂုံးချုပ်လိုက်လို့ရှိရင်တော့ အရင်တုန်းက လျှပ်စစ်ဆောင်ပုဒ် ရှိတယ်။ လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အုံ့။ ကဲဒီတော့ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် ဘယ်လိုတည်ဆောက်မလဲဆိုတာလေး ဖြေရှင်းပေးပါဦး။

**အချိန်၊ ၁၅း၃၃။**

**ဦးခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသည့်အဆိုအပေါ်မှာ ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ပတ်သက်ပြီးတော့ အောက်ပါနည်းလမ်းများ(၃)ရပ်နဲ့ ဆောင်ရွက်ခဲ့ကြောင်းကို ပထမအကြိမ်တုန်းက ရှင်းလင်းပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနမှ ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ (B.O.T) စနစ်ဖြင့် ဆောင်ရွက်ခြင်း၊( JV/B.O.T) ဆောင်ရွက်ခြင်းများကို ကျွန်တော်ရှင်းလင်းပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီနည်းလမ်း(၃)သွယ်နဲ့ ဆောင်ရွက်ရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အောက်ပါပုဒ်မများအတိုင်း လိုက်နာဆောင်ရွက် လျက်ရှိကြောင်းကို ဆက်လက်တင်ပြပါမယ်။ ပုဒ်မ ၉၆၊ ဇယား(၁)၊ အပိုဒ် ၆(ခ) အရ ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ပုဒ်မ ၁၈၈၊ ဇယား(၂)၊ အပိုဒ်၄(က)အရ ပြည်ထောင်စုက စီမံခန့်ခွဲလျက်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှ

အပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ဆိုပြီး ပါရှိပါတယ်။

ပုဒ်မ ၁၉၆၊ ဇယား(၃)၊ အပိုဒ် ၉ အရ မြို့နှင့်ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီး ဆိုင်ရာကိစ္စများ ဖြစ်ပါတယ်။ ယခုအဆို တင်ပြလာသည့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစားရေအားလျှပ်စစ်ကဏ္ဍ ပုံဖော်မှု အစီအစဉ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုနှင့် ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စု အစိုးရအနေဖြင့် မဟာဓာတ်အားလိုင်းနဲ့ ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေးလုပ်ငန်းများ ဦးစွာ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ၂၀၀၉ ခု၊ မေလအထိ လေ့လာထားရှိသော လျှပ်စစ်ဓာတ်အား ထုတ်လုပ် နိုင်စွမ်းရှိသော အရင်းအမြစ်(၃)ရပ်၊ နှစ်ခုကို အောက်ပါအတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်စက်တပ်ဆင်အင်အား (၁၀)မဂ္ဂါဝပ်နှင့်အထက် ရရှိနိုင်သော ရေအား လျှပ်စစ်စီမံကိန်း(၉၂)ခုရှိပြီးတော့ မဂ္ဂါဝပ်အားဖြင့်(၄၆၀၉၉.၃) ရှိပါတယ်။ လျှပ်စစ် တပ်ဆင်အား (၁၀)မဂ္ဂါဝပ်အောက် ရရှိနိုင်သောရေအားလျှပ်စစ်စီမံကိန်း(၂၁၀)ခုရှိပြီးတော့မှတပ်ဆင် မဂ္ဂါဝပ် (၂၃၁.၂၅)ဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လျှပ်စစ်စက်တပ်ဆင်အား(၁၀) မဂ္ဂါဝပ်အောက်ရရှိနိုင်သော ရေအားလျှပ်စစ်စီမံကိန်းများရဲ့ စက်တပ်ဆင်အင်အား(၁၀၀) ကီလိုဝပ်မှ (၁) မဂ္ဂါဝပ်ရှိ စီမံကိန်း (၁၄၈)ခု၊ ခန့်မှန်းစက်တပ်ဆင်အင်အား (၅၆.၂၉) မဂ္ဂါဝပ်၊ (၁) မဂ္ဂါဝပ်မှ (၂) မဂ္ဂါဝပ်ရှိ စီမံကိန်း(၃၂)ခု၊ ခန့်မှန်းစက်တပ်ဆင်အင်အား (၄၈.၉၁)မဂ္ဂါဝပ်၊ (၂) မဂ္ဂါဝပ်မှ (၅) မဂ္ဂါဝပ်ရှိ စီမံကိန်း(၂၇)ခု၊ ခန့်မှန်းစက်တပ်ဆင်အင်အား (၉၇.၀၅)မဂ္ဂါဝပ်နှင့် (၅) မဂ္ဂါဝပ်မှ (၁၀) မဂ္ဂါဝပ်ရှိ စီမံကိန်း(၃)ခု၊ ခန့်မှန်းစက်တပ်ဆင် အင်အား(၂၉) မဂ္ဂါဝပ်၊ စုစုပေါင်း ပြည်နယ်/တိုင်းဒေသကြီး(၁၄)ခုတို့တွင်ဖြစ်မြောက်နိုင်စွမ်းရှိသော ရေအားလျှပ်စစ်အရင်းအမြစ် (၂၁၀)ခုနှင့် ခန့်မှန်းစက်တပ်ဆင်အား(၂၃၀.၂၅)မဂ္ဂါဝပ် ရှိကြောင်း တင်ပြအပ်ပါတယ်။

ဖော်ပြပါ စီမံကိန်းများနဲ့ ပတ်သက်ပြီး အချက်အလက်များ၊ မြေပုံများအားလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီးများထံသို့ ၂၀၁၂ ခုနှစ်၊ ဇွန်လ(၁၉)ရက်နေ့နှင့် (၂၀)ရက်နေ့တို့တွင် ကျင်းပသော အမျိုးသားကော်မရှင် အစည်းအဝေးတွင် ဖြန့်ဝေထားပြီးဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မိမိတို့သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဆောင်ရွက်လိုသည့် စီမံကိန်းအမျိုးအစားများအား ပြန်လည် အဆိုပြုတင်ပြလာခဲ့ပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပြီး တင်ပြရရင် ယနေ့အထိ လျှပ်စစ်ဓာတ်အား သုံးစွဲဓာတ်အား ထုတ်လုပ်ပေးနိုင်တာ (၂၆) ရာခိုင်နှုန်းသာ ရှိသေးကြောင်း တွေ့ရှိရပါတယ်။

သို့သော်လည်းဒီဓာတ်အားပေးမှုအနေဖြင့် မြန်မာနိုင်ငံမှာနွေရာသီနှင့်မိုးရာသီတောင် ကွာခြားလျက် ရှိပါတယ်။ မိုးရာသီမှာ အပြည့်အဝပေးနိုင်သော်လည်း၊ နွေရာသီမှာ လျော့နည်း လျက်ရှိကြောင်းကိုလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ သို့ပါ၍ တစ်နိုင်ငံလုံး ဓာတ်အား တိုးတက်ရရှိရေးအတွက် ရေအားလျှပ်စစ်ဓာတ်အား အကြီးစား၊ အသေးစား၊ အလတ်စားများ၊ ကျောက်မီးသွေးသုံး Clean Coal Technology နှင့် ပတ်သက်သော လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းများ၊ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ၊ တပ်ဆင်ပြီး ဆက်လက်ပြီး ဆောင်ရွက် ပေးသွားရမှာ ဖြစ်ပါတယ်။

တိုင်းနှင့်ပြည်နယ်များတွင်လည်း အသေးစား ရေအားလျှပ်စစ်များကို ဆက်လက် ပြီးတော့ ဖြစ်နိုင်စွမ်းပေါ် မူတည်ပြီးတော့မှ လေ့လာပြီးရင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း လည်း တင်ပြအပ်ပါတယ်။ တိုင်းနဲ့ပြည်နယ်ကြီးများမှာ တင်ပြလာတဲ့အဆိုပြု စီမံကိန်းများအနက် အသေးစားနဲ့ အလတ်စားစီမံကိန်းများနဲ့ ပတ်သက်၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့် နည်းပညာပိုင်းဆိုင်ရာ စိစစ် စစ်ဆေးမှုနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာစူးစမ်းမှု များကို ကူညီပံ့ပိုးခြင်း တိုင်းဒေသကြီးပြည်နယ်များမှ အကူအညီ တောင်းခံလာပါက စာချုပ်စာတမ်းများ ရေးသားပြုစု၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံယူခြင်း၊ နှစ်ဖက်လက်မှတ်ရေးထိုး ပဋိညာဉ်စာချုပ်စာတမ်းများအား နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြ၍ အတည်ပြုခွင့်ပြုချက်ရယူပြီးသော ပဋိညာဉ်စာချုပ်များ အား သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရနှင့် စီမံကိန်းအကောင်အထည်ဖော်မည့်

ကုမ္ပဏီများတို့အကြား လက်မှတ်ရေးထိုးနိုင်ရေး စသည်များ ကိုလည်း ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်ရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မည့် အသေးစား ရေအားလျှပ်စစ် အရင်းအမြစ်များကို လက်တွေ့ကျကျထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားရင်း ကျွန်တော်၏ ဖြေကြားချက်ကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ကန့်ကွက်ခြင်း မရှိပါဘူး။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** ။မကန့်ကွက်ပါဘူးခင်ဗျား။

**အချိန်၊ ၁၅း၃၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ်လေး ဖြည့်စွက်ပြီးတော့ ဆွေးနွေးခွင့်ပြုပါလို့ တင်ပြအပ် ပါတယ်။ ကျွန်တော်တို့ အခု ပြည်ထောင်စုဝန်ကြီး ရှင်းလင်းပြောဆိုသွားတာတွေဟာ အင်မတန် ကောင်းပါတယ်။ ကျွန်တော်တို့ ဒါ ထောက်လည်း ထောက်ခံပါတယ်။ ကျွန်တော့် အနေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယားမှာ၊ နောက်ဆက်တွဲဇယားမှာပါတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများက အသေးစားရေအားလျှပ်စစ်တွေကို တာဝန်ယူရမယ်။ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုကိုတော့ ကျွန်တော်တို့ ဒီက လျှပ်စစ်ဝန်ကြီးဌာနက လုပ်မယ်ဆိုတဲ့ အနေအထားမျိုးလေးတွေလည်း သိရပါတယ်။ ကျွန်တော်တို့ ဒီဟာအသေးစား ရေအားလျှပ်စစ်ကို အခုလျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဥပဒေကိုလည်း ကျွန်တော်တို့ သူတို့ မူကြမ်းရေးဆွဲနေတယ်လို့ သိရပါတယ်။ အဲဒီမှာလည်းပဲ အသေးစားရဲ့ အရွယ်အစားကို သတ်မှတ်ဖို့ အစီအစဉ် ရှိတယ်ဆိုတာလည်း သိရပါတယ်။

ကျွန်တော် တင်ပြလိုတာက ကျွန်တော်တို့လို မြန်မာ နိုင်ငံအနေနဲ့ တကယ့်ဖွံ့ဖြိုးဆဲ နိုင်ငံအနေနဲ့က အသေးစားကို ကျွန်တော် ကြားသိရသလောက်ပေါ့လေ။ ဒါတော့လည်း သူတို့လည်း အတည်မဖြစ်သေးပါဘူး။(၃၀)မဂ္ဂါဝပ်အောက်ကို အသေးစားလို့ သတ်မှတ်မယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။ အဲဒီလို သတ်မှတ်ရင်တော့ ကျွန်တော်တို့ အခုမှ နာလန်ထူကာစ

ပြည်နယ်/တိုင်း ဒေသကြီးတွေက ဒီလျှပ်စစ်အသေးစားမှာ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ (၃၀)မဂ္ဂါဝပ် သတ်မှတ်လို့ရှိရင် ပြည်နယ်/တိုင်းဒေသကြီးတွေ အနေနဲ့ အခက်အခဲများစွာ တွေ့ရှိမယ်ဆိုတာကို ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန၊ ဦးစီးဌာနတွေ ကိုယ်တိုင် လုပ်တာတောင်မှ ဥပမာ - လယ်ယာ စိုက်ပျိုးရေးကလည်း လယ်ယာ စိုက်ပျိုးရေးအရ သူလုပ်နိုင်တဲ့ အတိုင်းအတာ လုပ်တာကိုရော၊ ဒီ(၂၀) မဂ္ဂါဝပ်၊ (၁၀)မဂ္ဂါဝပ် တို့တောင်မှ တော်တော်လေး ကျွန်တော်တို့ အင်းထိုးနေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ အသေးစားတွေကို နိုင်ငံတကာမှာလည်းပဲ နိုင်ငံကို လိုက်ပြီးတော့မှ ကျွန်တော် အဆို တင်ခဲ့စဉ်တုန်းက ဥပမာ - တရုတ်ပြည်မှာဆိုရင် (၅၀)သတ်မှတ်တယ်။ ဖိလစ်ပိုင်မှာ ဆိုရင်လည်း (၅၀)သတ်မှတ်တယ်။ အင်္ဂလန်မှာဆိုရင်လည်း (၅၀)သတ်မှတ်တယ်။ အဲ မဂ္ဂါဝပ် သတ်မှတ်တယ်ပေါ့လေ။ တချို့နိုင်ငံဟာ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သော်လည်းပဲ (၅)မဂ္ဂါဝပ်အောက် သတ်မှတ်တယ်။ (၁၀)မဂ္ဂါဝပ်အောက် သတ်မှတ်တယ်။ ကျွန်တော် တင်ပြခဲ့ဖူးပါတယ်။ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စပေါ်ကာစတုန်းက (JICA) နဲ့ ကျွန်တော်တို့ ဒါ အကြမ်းဖျင်း လျှာထားခဲ့တာ (၁၀)မဂ္ဂါဝပ်အောက်ကို ကျွန်တော်တို့ အသေးစားလို့ သတ်မှတ်ပါတယ်။ အဲဒါကြောင့် ပြည်နယ်/တိုင်းဒေသကြီးတွေရဲ့ ကမကထ ပြုမှုကို ပြည်နယ်/တိုင်းဒေသကြီးများ အစိုးရအဖွဲ့ရဲ့အားကို ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အားကိုးပါတယ်။သို့သော်လည်းပဲအသေးစားဆိုသည်မှာ သူ့ ကျွန်တော်တို့ သေချာ Define ပေါ့လေ။ လုပ်ဖို့လိုပါတယ်ခင်ဗျ။

ဒါကြောင့် ကျွန်တော်တို့ဟာ အသေးစားကို မဂ္ဂါဝပ် အထိုက်အလျောက် လုပ်လို့ရှိရင် ကျွန်တော်တို့ ပြည်နယ်/တိုင်းဒေသကြီးတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်မှာဖြစ်တဲ့အတွက် အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ နိုင်ငံတော်က လုပ်မှသာလျှင် ကျွန်တော်တို့ ဒါ အချိန်တိုအတွင်း အောင်မြင်နိုင်မယ်လို့ ကျွန်တော် ဒါ ဖြည့်စွက် ဆွေးနွေးခြင်း၊ တင်ပြခြင်း ဖြစ်ပါတယ်။ ဥပမာ - (၃၀)မဂ္ဂါဝပ်ဆိုလို့ရှိရင် သဖန်းဆိပ်ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ဟာဆိုရင် (၃၀)မဂ္ဂါဝပ်ပါခင်ဗျ။ တစ်ဆယ်သုံးလုံးပါခင်ဗျ။ ဒီနား ပဲခူးက ဇောင်းတူဆိုလို့ရှိရင် (၂၀)မဂ္ဂါဝပ်ပါခင်ဗျ။ တော်တော်ကို ကျွန်တော်တို့ အခက်အခဲပေါင်း များစွာနဲ့ လုပ်ရတော့ ပြည်နယ်/တိုင်း ဒေသကြီးတွေက အခုမှ ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံတော်ကို သွားနေတဲ့ အချိန်အခါမျိုးမှာဆိုလို့ရှိရင် လမ်းလျှောက်စ အချိန်အခါမျိုးမှာ ဝန်ထုပ် ဝန်ပိုးများ ဖြစ်မလားဆို

တာလေး ကျွန်တော် တင်ပြရင်း အကြံပြု ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅:၄၄။**

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ လျှပ်စစ်ဥပဒေကြမ်း ရေးဆွဲနေတဲ့အခါမှာ အသေးစား၊ အလတ်စား၊ အကြီးစား ဒါကို သရုပ်ခွဲဖို့ လိုတယ်ဆိုရင် ကျွန်တော်တို့ ဒါ ခုန ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ဒီ Basic Principle ပေါ့။ အခြေခံမူများ ချမှတ်တဲ့ အချိန်တုန်းက စဉ်းစားခဲ့တဲ့ကိစ္စပါ။ မဂ္ဂါဝပ်နဲ့ ကျွန်တော်တို့ တိုင်းတာဖို့ မဟုတ်ပါဘူး။ National Grid မရောက်တဲ့နေရာမှာ National Grid ထဲကို မဝင်နိုင်ဘူးဆိုရင် ဘယ်လောက်ပဲကြီးကြီး/ သေးသေး ဥပမာ - ဒီမြို့က National Grid က အခုလုပ်ထားတဲ့ ဟိုဟာပေါ့၊ Network ကြီးရှိတယ်။ ဒီကို သွယ်တန်းဖို့ ကြိုးတွေကလည်း အရှည်ကြီး၊ ဒီအထဲကို ဝင်နိုင်ခြင်းမရှိဘူးဆိုရင် အဲဒီမြို့ကြီးက သူတတ်နိုင်လို့ ဘယ်လောက်ပဲ ကြီးကြီး/သေးသေး လုပ်ရင်လုပ်ခွင့်ရှိမယ်ဆိုတဲ့ စဉ်းစားချက်မျိုးတော့ ရှိပါတယ်။ ဒါ ဝန်ကြီးတို့ ထည့်သွင်းစဉ်းစားဖို့ပါ။ ဒီ National Grid က ဘယ်နေရာ ရောက်နိုင်တယ်၊ မရောက်နိုင်ဘူးဆိုတာ ကျွန်တော်တို့လည်း မသိဘူး။ သို့သော် တစ်ပြည်လုံး အတိုင်းအတာအရ National Grid ကနေ တစ်ပြည်လုံး ဖြန့်ကျက်ပြီးတော့ ပေးဖို့ဆိုတာကတော့ မဖြစ်နိုင်တဲ့အနေအထားလို့ ဒါ တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဒီ အသေးစားကို သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကပဲ လုပ်ပိုင်ခွင့်ရှိတယ် ဆိုသော်လည်း လုပ်နိုင်အောင် ငွေချေးခြင်း၊ ခုန နည်းပညာ ပံ့ပိုးတာအပြင်ပေါ့နော် စသည်ဖြင့် ဒီလို လုပ်ပြီးတော့မှ Plan နဲ့ National Plan ပေါ့။ သို့သော် အကောင်အထည်ဖော်မှာကတော့ တိုင်းဒေသကြီး/ပြည်နယ်က တာဝန်ခံ အကောင်အထည်ဖော်၊ Plan ကတော့ဖြင့် National Plan နဲ့ လုပ်မှ သာလျှင် ကျေးလက်ဒေသ၊အစွန်အဖျားဒေသတွေကဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမယ်ဆိုတဲ့ သဘောပါပဲ။

ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်တဲ့သဘော မဟုတ်ပါဘူး။ အဲဒီတော့ အဲဒီလိုလေး ဆောင်ရွက်ဖို့ကို ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဖွံ့ဖြိုးမှု မြန်ဆန်စွာ အထောက်အကူပြုနိုင်မယ့် အသေးစားရေအားလျှပ်စစ်ကဏ္ဍာ ပုံဖော်မှုအစီအစဉ် (Small-Scale

Hydropower Development Scenario) ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက် ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၉၇)၊ ကန့်ကွက်မရှိ၊ ကြားနေ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျွန်တော်တို့ မနက်ဖြန်ဆိုရင် ပြည်ထောင်စုလွှတ်တော် ပိတ်သိမ်းမှာ ဖြစ်ပါတယ်။ ပြီးဆုံးပါပြီ။ သို့သော် ကျွန်တော်တို့ အမျိုးသားလွှတ်တော်အနေနဲ့ ဒီလွှတ်တော်တွင်းမှာ ဆွေးနွေးဖို့ ဆုံးဖြတ်ထားတဲ့ အဆိုလက်ကျန်(၆)ခု ကျန်ပါတယ်။ မနက်ဖြန် ညနေပိုင်းမှာ (၂)ခု ဆွေးနွေးပြီးရင် သောကြာနေ့မှာ (၄)ခု ဆွေးနွေးပါမယ်။ ဆွေးနွေးတဲ့ အချိန်ပေါ် မူတည်ပြီးတော့ သောကြာနေ့ ညနေပိုင်း (၄)နာရီ ကျော်ရင်လည်း ကျော်သွားပါလိမ့်မယ်။ ဒါလေး ကြိုတင်သတိပေးတာ။ သောကြာနေ့ ဆွေးနွေးပြီးလို့ရှိရင် ကျွန်တော်တို့ အမျိုးသားလွှတ်တော်လည်း ဒီတစ်ပတ်နားမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄)ရက်မြောက်နေ့ အစည်းအဝေးရပ်နား ကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်(ကြာသပတေးနေ့) နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ၛင်းကိစ္စနှင့် ပတ်သက်၍ ယခင်အစိုးရလက်ထက်မှ အချို့သော လူကြီးပုဂ္ဂိုလ်များ အနေဖြင့် အစိုးရမှ ပံ့ပိုးကူညီရန် မလိုပါဘူး။ မင်းတို့ ပြည်ပမှာရှိတဲ့ သား/သမီးကိုပဲ အားကိုးကြ ပါဆိုပြီး ပြောကြသောအသံကို ပြန်လည်ကြားယောင် နေမိပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)** ။ ။ ကျွန်တော်တို့ ပြောလို့မကောင်းပါဘူး။

**ဥက္ကဋ္ဌ**။ ။ ပြောပါ။ နောက်အထောက်အထားမဲ့ ဖြစ်သွားပါမယ်။

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)** ။ ။ ပြောလို့ မကောင်းပါဘူးခင်ဗျား။ အဲဒါတော့ ခွင့်လွှတ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ အထောက်အထားမဲ့တဲ့ စကားတွေ မပြောပါနဲ့ ။ ပြောရင် အထောက်အထားတဲ့ ခိုင်ခိုင်လုံလုံလုပ်ပါ။ အထောက်အထားမဲ့တဲ့ စကားတွေ ပြန်ရုပ်သိမ်းပါ။

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)** ။ ။ အဲဒီစကား ကျွန်တော် ပြန်ရုပ်သိမ်းပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဦးစတီဗင်သာဘိတ် ပြောတဲ့ ချင်းကျေးရွာတွေအတွက် လျှပ်စစ်မီး လင်းရေး နိုင်ငံတော်က လုပ်ပေးစရာမလိုဘူး၊ ပြည်ပရောက်နေတဲ့ မင်းတို့သားသမီး တွေရဲ့ အထောက်အပံ့နဲ့လုပ်ပါလို့ပြောတဲ့ လူကြီးက ဘယ်သူပါလဲ၊